မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၉၄)

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ ကြာသပတေးနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြား

## MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲမှတစ်ဆင့် MSME လုပ်ငန်းများသည် နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်






အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်တပေါင်းကွင်း၌ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီနှင့်တိုင်းဒေသကြီး၊ ပြည်နယ်များမှ အေဂျင်စီဥက္ကဋ္ဌများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြခန်းတာဝန်ခံများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ★**



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်)

# ပညာရေးသည် လူငယ်တို့ဘဝမြင့်မားရေး

လူတစ်ဦး၏အနာဂတ်လုပကောင်းမွန်ရေးအတွက် ပညာရေးသည် အခြေခံဖြစ်သည်။ ပညာကို ကြိုးစားကာ သင်ယူခဲ့သူ၏အနာဂတ်သည် ပန်းခင်းသောလမ်းကို လျှောက်လှမ်းနေနိုင်သကဲ့သို့ဖြစ်ပြီး ပညာကိုမကြိုးစား၊ တန်ဖိုးမထားခဲ့သူ၏အနာဂတ်သည် ဆူးခင်းလမ်းကိုလျှောက်လှမ်းရသကဲ့သို့ဖြစ်သည်။ ဤသည်မှာ မိမိတို့ဘဝကို မိမိတို့ကိုယ်တိုင်ကဖန်တီးခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်းရှိ လူငယ်များအားလုံး ကျောင်းနေအရွယ်ရောက်သည်နှင့် ကျောင်းတက်ခွင့်ရရှိပြီး ပညာသင်ကြားနိုင်ရေးကိုစီမံဆောင်ရွက်ပေးလျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။

သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကျောင်းတက်နေသည့် ကျောင်းသား၊ ကျောင်းသူများအားလုံး ပညာရေးကိုဆုံးခန်းတိုင်သည်အထိ ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုများတိုးတက်စေရေးနှင့် အသက်မွေးဝမ်းကျောင်းပညာနှင့် အဆင့်မြင့်ပညာများကိုသင်ယူပြီးမြောက်စေရေး အလေးထား ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ "မိဘ၊ ဆရာပူးပေါင်း ကလေးပညာကောင်း"ဆိုသည့်အတိုင်း မိဘနှင့်ဆရာတို့သည် ကလေးများနှင့်အနီးကပ်ဆုံးထိတွေ့နေကြရသူများဖြစ်သည်။ အဓိကအားဖြင့် မိဘများမှာ တာဝန်အရှိဆုံးဟုဆိုနိုင်သည်။ ပညာသင်ရမည့်အရွယ်တွင် ပညာကိုဆုံးခန်းတိုင်အောင် သင်ယူနိုင်ရေးအတွက် မိဘတို့အနေဖြင့် ကျောင်းထားပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက KG+9 ပညာရေးစနစ်ကိုအကောင်အထည်ဖော်ပေးလျက်ရှိသည်မှာ မိမိတို့ သားသမီးများအား ကျောင်းဆက်ထားရန်အခက်အခဲရှိသည့်မိဘများ၊ ကျောင်းသား၊ ကျောင်းသူများ အတွက်ဖြစ်သည်။ KG+9 ကိုသင်ယူတတ်မြောက်ပြီးသည်နှင့် နည်းလမ်းလေးသွယ်ဖွင့်ပေးထားသည်မှာ မိမိတို့၏ဘဝ အသက်မွေးဝမ်းကျောင်းအတွက် ရွေးချယ်နိုင်စေရန်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများ အားလုံး အလယ်တန်းအဆင့် နဝမတန်းပြီးမြောက်အောင်မြင်ပါက (၁)အခြေခံပညာအထက်တန်းအဆင့်၊ (၂)စက်မှုနည်းပညာ၊ (၃)စိုက်ပျိုးရေးအတတ်ပညာ၊ (၄)မွေးမြူရေးအတတ်ပညာ စသည့်ပညာရေး လမ်းသွယ်လေးမျိုးအနက် တစ်မျိုးမျိုးကိုရွေးချယ်သင်ယူနိုင်သည့်အခွင့်အရေးရှိသည်။

ကျောင်းတက်သင့်သည့်အချိန်တွင် ကျောင်းမတက်ရခြင်းသည် ကလေးများ၏ဘဝကို များစွာ နစ်နာစေသည့်အပြင် ဒေသနှင့်နိုင်ငံတိုးတက်ရေးကိုပါထိခိုက်စေသည်။ ထို့ကြောင့် နိုင်ငံတော်၏ အနာဂတ်အတွက် ကလေးအားလုံးကျောင်းနေပြီး ပညာသင်ကြားနိုင်ရေး ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ဆရာ၊ ဆရာမများ၊ မိဘများ၊ ရပ်မိရပ်ဖများအားလုံးပူးပေါင်း၍ လှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ အားပေးပံ့ပိုးခြင်း စသည့်နည်းလမ်းများဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် နိုင်ငံတော်အကြီးအကဲက စဉ်ဆက်မပြတ် လမ်းညွှန်မှုပြုလျက်ရှိသည်။ ဤသည်မှာ လူငယ်များ၏ အနာဂတ်သာယာလုပရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပင်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်ကာ နိုင်ငံတော်နှင့်နိုင်ငံသားများ လူမှုစီးပွားဘဝများတိုးတက်မြင့်မားရေးကို ရှေးရှုဆောင်ရွက်လျက်ရှိသည်။ ယနေ့လူငယ်များသည် အနာဂတ်နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့်သူများ ဖြစ်သည့်အတွက် လူငယ်တို့၏ပညာရေး၊ ကျန်းမာရေးကို အထူးပင်အလေးထားဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတိုင်းတွင် အသိပညာ၊ အတတ်ပညာသည် မရှိမဖြစ်သောရတနာပစ္စည်းများဖြစ်လာနေသည်။ မြန်မာ နိုင်ငံသည်လည်း မိမိနိုင်ငံ၏အနာဂတ်အတွက် လက်ရှိပစ္စုပ္ပန်ကာလမှစတင်ကာ ပညာရည်မြင့်မားရေးကို တည်ဆောက်ပေးလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်များတွင် "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည် ဖော်ဆောင်ရေး"နှင့် "နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစု အဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင် ဆောင်ရွက်ရေး"ဟူသည့် ဦးတည်ချက်များထည့်သွင်းထားသည်။ အဆိုပါဦးတည်ချက်များမှာ လူငယ်များ အတွက်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းဖြစ်သည်။ လာမည့် မတ်လတွင်ပြုလုပ်မည့် တက္ကသိုလ်ဝင်စာမေးပွဲတွင်ဖြေဆိုရန်လျှောက်လွှာတင်သွင်းထားသူ ၂ ဒသမ ၂ သိန်းကျော်ရှိသည်။ ကျောင်းသား၊ ကျောင်းသူများ စနစ်တကျအေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးကို တာဝန်ရှိသူအဆင့်ဆင့်က လုပ်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍတွင် ဘက်စုံပညာရေးစနစ်ကိုကျင့်သုံးနေသည်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း မိမိတို့ဝါသနာနှင့်ကိုက်ညီသည့်ပညာရေးလမ်းသွယ်ကို ရွေးချယ်သင်ကြား ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုနည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် ခရိုင်အသီးသီးတွင် စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာများကို သင်ကြား ပေးနေသည့် အခြေခံပညာအထက်တန်းကျောင်း ၈၅ ကျောင်းကိုဖွင့်လှစ်ပေးထားသည်။ ပညာတတ်မြောက် မှုမြင့်မားခြင်းမှာ နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ပေးခြင်းဖြစ်သည်။ သို့ဖြစ်၍ ကျောင်းနေရမည့်အရွယ်တွင် ကျောင်းနေ နိုင်ရေးနှင့်သတ်မှတ်ထားသည့်အတန်းပညာရပ်များပြီးမြောက်ရေးကို ကြိုးပမ်းကြမှသာ လူငယ်များ၏ အနာဂတ်ဘဝ မြင့်မားတိုးတက်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# မွေးကင်းစမှတစ်နှစ်ခွဲအထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံပေးလျက်ရှိ

**တံတားဦး ဖေဖော်ဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ ရပ်ကွက်များအတွင်းရှိ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ဖေဖော်ဝါရီလ ၅ ရက်နံနက်ပိုင်းတွင် ကာကွယ်ဆေးများကိုထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ထမ်းများက မွေးကင်းစမှ အသက် တစ်နှစ်ခွဲအထိ ကလေးငယ်များအား ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝက်သက်ရောဂါနှင့်ဂျိုက်သိုးရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးပြီး ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးများ ထိုးနှံပေးသည်။

တံတားဦးမြို့နယ် အမှတ်(၁)ရပ်ကွက်တွင် ကလေးငယ် ၃၀ ဦး၊ အမှတ်(၂)ရပ်ကွက်တွင် ကလေးငယ် ၁၀ ဦး၊ အမှတ်(၃)ရပ်ကွက်တွင် ကလေးငယ် ၄၀ ဦး မွေးကင်းစမှအသက်တစ်နှစ်ခွဲအထိ ကလေးငယ် စုစုပေါင်း ၈၀ ဦးနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီး ၁၅ ဦးတို့ကို ကာကွယ်ဆေးထိုးနှံပေးသည်။

အဆိုပါလုပ်ငန်းများကို လစဉ် ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု စုရပ်များတွင် ထိုးနှံ၊ တိုက်ကျွေးပေးလျက်ရှိကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှသိရသည်။

**ဦးရဲတင့်(ပြန်/ဆက်)**

# အသက် ၈၅ နှစ်အထက် အဘိုးအဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား ဆေးကုသပေး

**ကံမ ဖေဖော်ဝါရီ ၅**

မကွေးတိုင်းဒေသကြီး ကံမမြို့ ပြည်သူ့ဆေးရုံ၌ အသက် ၈၅ နှစ်အထက် အဘိုး၊ အဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား ဆီးချို၊ သွေးတိုးနှင့် နှလုံးရောဂါ၊ အမြင်အာရုံများ အခမဲ့စစ်ဆေးကုသပေးခြင်းကို ဖေဖော်ဝါရီလ ၅ ရက်နံနက် ၁၀ နာရီတွင် ဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ကုသရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝေလင်းဖိုလ်နှင့်ကျန်းမာရေးဆရာမများက ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီးချိုစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်း၊ အမြင်အာရုံများစစ်ဆေးပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးသည်။

ဆက်လက်၍ လိုအပ်သည့်ကုသမှုများအား ဆောင်ရွက်ပေးပြီး အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ယခုကဲ့သို့ စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၆-၂-၂၀၂၅ (ကြာသပတေးနေ့)**

| | |
|---|---|
| ၁။ ၀၆:၀၀ တရားတော် | ၉။ ၁၆:၀၀ စာပေနှင့်အနုပညာသတင်း |
| ၂။ ၀၈:၀၀ မောင်မယ်လေးများသိစေချင် | ၁၀။ ၁၇:၀၀ လူသားနှင့်ဆိုက်ဘာအန္တရာယ် |
| ၃။ ၀၉:၀၀ မြဝတီနေ့စဉ်သတင်း | ၁၁။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၄။ ၁၀:၀၀ နိုင်ငံတကာသတင်း | ၁၂။ ၁၈:၅၀ စိုက်ပျိုးသုတ |
| ၅။ ၁၁:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား | ၁၃။ ၁၉:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း **လူရိုး** |
| ၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု | **သရုပ်ဆောင် နေနော်၊ ဆုဆု၊ ဒေါင်းဝေ** |
| ၇။ ၁၄:၀၀ မြဝတီရုပ်မြင်သံကြားသတင်း | |
| ၈။ ၁၅:၀၀ ဇာတ်လမ်းတို | |

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ကျွန်းစုမြို့နယ်၌ ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတများ တိုးပွားလာစေရေး လူငယ်စကားဝိုင်းဆွေးနွေး

ကျွန်းစု ဖေဖော်ဝါရီ ၅

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတများတိုးပွားလာစေရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၄ ရက်က အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(ကတန်)၌ ကျင်းပသည်။


လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ကျောင်းသား၊ ကျောင်းသူများ အသိပညာ တိုးတက်လာစေရန်၊ စာပေအပေါ် လေးစားတန်ဖိုးထားတတ်စေရန်၊ စာပေအသိမှ ပရိသတ်ရှေ့တွင် ပြောရဲဆိုရဲသည့်သတ္တိရှိလာစေရန်၊ လူ့ဘောင်အဖွဲ့အစည်းတွင် ရင်းနှီးချစ်ခင်စွာ ပြောဆိုတတ်စေရန်၊ လူငယ်အချင်းချင်း အသိပညာ၊ အတတ်ပညာများဖလှယ်တတ်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ကတန်)မှ ကျောင်းအုပ်ကြီး ဒေါ်ညိုညိုတင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသန္တာဖြိုးက လူငယ်စကားဝိုင်းကျင်းပရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သန်းဖြူလွင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Grade-11 မှ မချောဇာခြည်၊ မသွန်းရတီစိုး၊ Grade-10 မှ မောင်အောင်သူလင်း၊ မောင်ရဲထွန်းအောင်တို့က လူငယ်နှင့်စာရိတ္တခေါင်းစဉ်ထဲမှ လူငယ်များ၏အနာဂတ်ဘဝတွင် စာရိတ္တဖွံ့ဖြိုးရေး၏အရေးပါမှုများ၊ လူငယ်များ စာရိတ္တဖွံ့ဖြိုးမှု၏လူမှုပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများ၊ လူငယ်များအနေဖြင့် လူမှုအသိုင်းအဝိုင်းအတွက် ပြန်လည်အကျိုးပြုနိုင်သည့်နည်းလမ်းများ၊ မိဘ၊ ဆရာနှင့် လူမှုအသိုင်းအဝိုင်း၏ အခန်းကဏ္ဍများ၊ စာရိတ္တပျက်ပြားစေသည့် အပြုအမူများခေါင်းစဉ်တို့ဖြင့် အသီးသီး ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် တာဝန်ရှိသူများက ပါဝင်ဆွေးနွေးခဲ့သော ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**




# မိုးညှင်းတက္ကသိုလ်၌ တတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

မိုးညှင်း ဖေဖော်ဝါရီ ၅

ကချင်ပြည်နယ် မိုးညှင်းမြို့ရှိ မိုးညှင်းတက္ကသိုလ်ရတနာခန်းမ၌ တတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီလ ၅ ရက်တွင် ကျင်းပသည်။




ရှေးဦးစွာ မိုးညှင်းတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ပညာရေးအဖွဲ့ဝင်များ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘအုပ်ထိန်းသူများက သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

ထို့နောက် မိုးညှင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမဥ္ဇူမင်းက ဘွဲ့နှင်းသဘင်မိန့်ခွန်းအနေဖြင့် ဘွဲ့ရမောင်မယ်များသည် မိုးညှင်းတက္ကသိုလ်၏ အထူးပြုဘာသာရပ်အသီးသီးမှ ပညာသင်နှစ်အဆင့်ဆင့်များအလိုက် သက်ဆိုင်ရာစာမေးပွဲများကို ကောင်းစွာအောင်မြင်ပေါက်မြောက်ခဲ့ပြီဖြစ်၍ ထိုက်တန်သောဘွဲ့များအားအပ်နှင်းရန် ပညာရေးအဖွဲ့က အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တတိယအကြိမ်မြောက် ဘွဲ့ထူး၊ ဂုဏ်ထူးများကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းနှစ်ပိုင်းခွဲ၍ ပေးအပ်ရာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် နေ့သင်တန်း၌ မဟာဝိဇ္ဇာ/သိပ္ပံတွဲတွင် ၄၅ ဦး၊ ဝိဇ္ဇာ/သိပ္ပံတွဲ (ဂုဏ်ထူးဘွဲ့)တွင် ၄၃ ဦး၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့တွင် ၁၅၈ ဦးနှင့် အဝေးရောက်ယူသူခုနစ်ဦး စုစုပေါင်း ၂၅၃ ဦးကို ဘွဲ့များအသီးသီး အပ်နှင်းပေးသည်။

အဆိုပါဘွဲ့နှင်းသဘင်အခမ်းအနားသို့ မိုးညှင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ(ဌာနမှူး)များ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ရွှေမိုးညှင်း**

# ကွန်ဟိန်းမြို့နယ် ကျိုင်းလီကျေးရွာ၌ ကျေးရွာပိုင်ဘက်စုံသုံးခန်းမဖွင့်လှစ်

ကွန်ဟိန်း ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဟိုပန်ကျေးရွာအုပ်စု ကျိုင်းလီကျေးရွာ၌ ကျေးရွာပိုင်ဘက်စုံသုံးခန်းမ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၅ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်မြင့်သောင်းနှင့် ကွန်ဟိန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းနိုင်တို့က အမှာစကားများပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက ကျိုင်းလီကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ခန်းမတည်ဆောက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားကာ ကျေးရွာရှိရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ခရိုင်ဦးစီးမှူးက ကျေးရွာလုပ်ငန်း လက်ခံထိန်းသိမ်းမည့်အဖွဲ့ထံ လုပ်ငန်းလွှဲပြောင်းမှတ်တမ်းလွှာပေးအပ်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက ကျေးရွာဘက်စုံသုံးခန်းမကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လှည့်လည်ကြည့်ရှုကြသည်။

ကျိုင်းလီကျေးရွာရှိ အဆိုပါ ဘက်စုံသုံးခန်းမသည် အလျား ပေ ၄၀၊ အနံပေ ၂၀၊ အမြင့် ၁၂ ပေရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ခွင့်ပြုငွေ ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ် သိန်း ၁၆၀ အသုံးပြုကာ ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကာရံ(ကျေးလက်)**

# အုတ်တွင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ အသိပညာပေးလုပ်ငန်းများဆောင်ရွက်

အုတ်တွင်း ဖေဖော်ဝါရီ ၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောခြင်း၊ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်း၊ DCP မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ယာဉ်ဖြင့် ဇာတ်တိုက်လေ့ကျင့်ခြင်း လက်တွေ့သရုပ်ပြမှုကို ဖေဖော်ဝါရီလ ၄ ရက်က အခြေခံပညာအထက်တန်းကျောင်း (အုတ်တွင်း) ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက လူငယ်ရေးရာအသိပညာပေးဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်မြင့်က မီးဘေးအန္တရာယ်ကြုံတွင် ကာကွယ်ရေးအသိသတိရှိကြရန်၊ မီးဘေးအန္တရာယ်တွေ့ကြုံလာပါက လက်တွေ့လုပ်ဆောင်နိုင်ရန်ရည်ရွယ်၍ ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက DCP မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ယာဉ်ဖြင့် ဇာတ်တိုက်လေ့ကျင့်ခြင်းလက်တွေ့သရုပ်ပြသကြသည်။

အဆိုပါ မီးဘေးအန္တရာယ်ကြုံတွင် ကာကွယ်ရေးနှင့်ပတ်သက်၍ မီးလောင်မှုဖြစ်ပွားခဲ့ပါက အရေးပေါ်မီးငြိမ်းသတ်နိုင်ရေးအတွက် DCP မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းကို ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများက ပါဝင်လေ့ကျင့်ကြပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများ လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

"စိတ်ဆိုးသွားသလား အစ်မကြီးရယ်"

"ငါ့မောင်က တယ် အ သေးတာကိုး"

"ဘယ်လိုပါလိမ့် အစ်မကြီးရယ်"

"ဘာများ စကားကောင်းနေကြတာလဲ။ မေမေက ခေါ်နေတယ်တော်ရေ့"

ချောင်ဝမှ ဟစ်ခေါ်လိုက်သူမှာ စံဒေဝီဖြစ်လေရာ ကျွန်ုပ်သည် သူ့မျက်နှာကို လှမ်းကြည့်လိုက်သောအခါ မချိုမချဉ်လုပ်နေသော မျက်နှာထားကိုမြင်ရမှ "လွတ်စေ" အမိန့်ကျသော တရားခံကဲ့သို့ ရင်ထဲ၌ အေးသွားတော့သည်။ ငါ့အပေါ် စိတ်ဆိုးလျှင် ဤမျက်နှာထားမျိုးမဟုတ်နိုင်ဟု ကောက်နုတ်ချက်ထုတ်နိုင်လေသည်။ ဤတွင် ကျွန်ုပ် အားတက်လာသည်နှင့်...

"ဒီခေါ်လိုက်ပါဦး အစ်မကြီးရဲ့"

"ဟော့... မ လာပါဦးအေ"

"မလုပ်နဲ့။ မေမေက ဘုန်းကြီးတွေကို ဘိလပ်ရည်ကပ်မလို့တဲ့။ ပြင်ကုန်ပြီတော့"

အပျိုကြီးလည်း ထသွားရလေရာ အုတ်လှေကားကို နှစ်ယောက်တွဲတက်သွားကြ၍ လှေကားထိပ်သို့ ရောက်သောအခါတွင် စံဒေဝီသည် ကျွန်ုပ်ဘက်သို့ ဆတ်ခနဲ တစ်ချက်လှည့်၍ ကြည့်လိုက်ပုံမျက်နှာထားမှာ ယနေ့တိုင် မမေ့နိုင်အောင် ဝဲလျက်ရှိပါတော့သည်။ ကျွန်ုပ်သည် ထိုမျက်နှာထား၏အဓိပ္ပာယ်ကို အမျိုးမျိုးတွေးတောခဲ့ရာ နောင်တွင် ဖြစ်ပျက်သောအခြင်းအရာများ ကြုံရသည့်တွင်မှ "မောင်ရင် အပုံနဲ့တော့ လွဲကုန်ကြပါလိမ့်မယ်" ဟု ဆိုလိုဟန်တူကြောင်း စဉ်းစားမိပါတော့သည်။



### ဖိုသံပေးခြင်း

ထိုညဉ့် ကျောင်းဆရာအဖွဲ့နှင့် ကျွန်ုပ်သည် ပတ္တမြားစေတီတောင်ထိပ်သို့ တက်ကြလေရာ လမ်းတစ်လျှောက်လုံးတွင် ကျွန်ုပ်ကဲ့သို့ တေးချင်းဆိုနိုင်သူတစ်ယောက်မျှ မရှိပေ။ ချစ်ကြိုက်ပါသည်ဟု ဖွင့်ပြောခြင်း၊ တုံ့ပြန်ဝန်ခံခြင်း မရှိသေးသော်လည်း ကျွန်ုပ်၏စိတ်ထဲ၌မူ "ငါတို့နှစ်ယောက်ကား ဤဘဝတွင် မလွဲနိုင်တော့ပြီ။ နံနက်၊ နေ့လယ်၊ ညအချိန်မရွေး သူ့မျက်နှာကို မဝမချင်း ကြည့်နိုင်ပေတော့မည်။ နီးနီးကပ်ကပ်ကြည့်နိုင်ပေတော့မည်" ဟူသော စိတ်ကူးသည် လမ်းတစ်လျှောက်လုံး ခဏကလေးမှ လပ်သည်မထင်။ ပေါ်ပြီးရင်းပေါ်ရင်း ဖြစ်နေတော့၏။ ချောင်မှ ထွက်ခါစတွင် ဦးဘိုးစိန်ကြီး၏ သစ္စာသားတေးချင်းတစ်ပုဒ်ကို (ရင်ထဲ၌ ပြည့်လျှံလွန်းသည်နှင့်) ဟစ်၍ သီဆိုလိုက်၏။ "မသိန်းညွှန့်ရယ်နဲ့ မောင်စိန်ဟာ ဂဟေနှစ်ဖြာကူး၊ ရွှေနဖာစူးရယ်နဲ့၊ ရွှေနဖူးစာလေလေး နော်ဗျ၊ ဪ... စပ်ကြား၊ နတ်များရေးမှ ရေးတတ်ပလေ"ဤတစ်ပုဒ်ကို စံဒေဝီတို့ကြားလောက်သောနေရာမှ သီဆိုပြီး ရပ်ထားလိုက်သည်တွင် အပျိုကြီးက ... "ဟော့ ... မောင်ဖေသိန်း၊ ဆုံးအောင်ဆိုကွဲ့နော်"ဟု ပြောလိုက်ပြီး စံဒေဝီ၊ အမေကြီး၊ အပျိုကြီးနှင့် အခြားအိမ်သူအိမ်သားတို့၏ အသံများဖြင့် ဝါးခနဲရယ်လိုက်ကြလေရာ ပန်းမပေးဖို့ ပြောထားသည့် ဆရာဘဦးက ... "ဆရာဖေသိန်းက ဖိုသံပေးနေတာ ဆရာတို့ရဲ့" ဟု ပြောလိုက်သည်နှင့် ဆက်၍ မဆိုတော့ဘဲ ... "နောက်များမှ အစ်မကြီးရဲ့" ဟု ပြန်ပြောပြီး ဆက်လက်တက်သွားကြလေ၏။

### မမေ့နိုင်သော ညတစ်ည

တောင်ထိပ်ရှိ ပတ္တမြားစေတီသို့ ရောက်ကြသောအခါ တော်သလင်းလဆန်း ၁၄ ရက်လကလည်း ထိန်ထိန်ဝင်းလျက် ရောဝတီမြစ်ကြီးကို ထင်းထင်းကြီး မြင်ရပြန်၊ စေတီတော်၌လည်း ဖယောင်းတိုင်မီးများဖြင့် ဝင်းဝင်းလက်လက်ရှိနေပြန်၊ တီးလိုက်သည့် နရည်းသံကလည်း ဆိတ်ငြိမ်သော တောင်ထိပ်၌ ညအချိန်တွင် အသည်းနှလုံးတို့ကို ယစ်သွားစေမတတ် သာယာပြန်၊ ကျွန်ုပ်၏ စိတ်ဓာတ်ခံကလည်း မျှော်လင့်ချက်အမျိုးမျိုးတို့ဖြင့် ပြည့်တင်းဖောင်းကားလျက်ရှိပြန်လေရကား ကြည်နူးရွှင်မြူးလိုက်ပုံမှာ တစ်သက်တာတွင်မမေ့နိုင်ဆုံးသော ညတစ်ညအနေဖြင့် နှလုံးသားတွင် တံဆိပ်နှိပ်ခတ်လျက်ရှိပေတော့၏။ အချစ်နှင့်ပတ်သက်၍ ဘာတစ်ခုမျှ မည်မည်ရရမရှိသေးခြင်းကား မှန်ပါ၏။ သို့ရာတွင် မျက်နှာကိုကြည့်နေရလျှင်ဘာလိုသေးသည်ဟု မတောင့်တဘဲ ကျေနပ်ခြင်း၏အထွတ်အထိပ်သို့ ရောက်သည်ဟု ယူဆလောက်အောင် တင်းတိမ်ရောင့်ရဲခြင်းရှိခဲ့သော ကျွန်ုပ်အဖို့မှာ ဤမျှလောက်သော ချမ်းသာမှုသည်ပင် ရောမသုခကြီးတစ်ခုဖြစ်နေခဲ့လေပြီ။ စံဒေဝီသည် တခြားယောကျ်ားတစ်ဦးတစ်ယောက်နှင့်မျှ လက်မထပ်သမျှကာလပတ်လုံး ကျွန်ုပ်သည် လက်ရှိအခြေအနေထက်တိုးပြီး မနီးစပ်ချင်လည်း နေစေ၊ ဤအတိုင်းနှင့်ပင် လေးငါးနှစ်စောင့်နေနိုင်သည်ဟူ၍လည်း ထိုစဉ်ကထင်မိခဲ့ပါသည်။ ပတ္တမြားစေတီပွဲတော်မှ အပြန်ခရီးတွင် သဘော်ပေါ်၌ အတူစီး၍ လိုက်ခဲ့ကြရာ အမေကြီးသည် ရှေးကနှင့်မတူဘဲ ကျွန်ုပ်အား စိတ်ဝင်စားသောမျက်နှာထားမျိုးနှင့် ခဏခဏ လှမ်းကြည့်သည်ဟု သတိပြုခဲ့မိသည်။ သို့သော် ဤသည်မှာလည်း ကျွန်ုပ်၏ အထင်မျှသာ ဖြစ်နိုင်၏။ ကြည့်ခြင်းကား မှန်ပါသည်။ စိတ်ဝင်စားခြင်းဟူသည်မှာကား ကျွန်ုပ်၏ အထင်သက်သက်ဖြစ်နိုင်သည်ဟု တွေးမိ၏။ စံဒေဝီနှင့်ပတ်သက်သမျှတွင် ကျွန်ုပ်သည် ကိုယ့်ကိုယ်ကိုယ် အထင်မကြီးဘဲ အမြဲတွန့်ဆုတ်လျက်ရှိခဲ့၏။ ကြိုက်လွန်းအားကြီးသောကြောင့်ပေလော သို့မဟုတ် မိမိကိုယ်ကိုယုံကြည်မှု (Confidence) မရှိသောကြောင့်ပေလောမပြောနိုင်ပါ။ မည်သို့ဖြစ်စေ ပိုးပန်းခြင်းအလုပ်၌ အလွန်ညံ့သူတစ်ယောက်ဖြစ်ခြင်းကို ရှေ့တစ်လျှောက်လုံးတွင်လည်း တွေ့ရပါလိမ့်ဦးမည်။

### အပျိုကြီးမှတစ်ဆင့်

ပတ္တမြားစေတီပွဲတော်မှ ပြန်ရောက်ကြသည့်နောက်တစ်နေ့ညနေတွင် အပျိုကြီးသည် ကျွန်ုပ်တို့၏နေအိမ်သို့ မလာစဖူးပေါက်လာ၏။ (ဤအိမ်မှာ ကျွန်ုပ်တို့၏ အိမ်ပင်ဖြစ်သော်လည်း ဖခင်သည် ညီဝမ်းကွဲတစ်ယောက်သို့ အလုပ်ပါလွှဲပေးထား၍ ဝက်လက်သို့ ပြောင်းရွှေ့သွားလေရာ ကျွန်ုပ်လည်း ဘဒွေးနှင့်အတူ ဆက်လက်နေထိုင်ခြင်းဖြစ်၏။) အပျိုကြီးရောက်လာသောအခါ မလာစဖူးလာခြင်းဖြစ်၍ အလုပ်သမားများက ပြုံးကြသေးရာ ကျွန်ုပ်က အပျိုကြီးအား အပေါ်ထပ်သို့ခေါ်သွားသောအခါ တစ်ယောက်၏မျက်နှာကို တစ်ယောက်လှမ်းကြည့်ကြ၏။ ကျွန်ုပ်သည် စံဒေဝီအား ချစ်ကြိုက်ရာ၌ မည်သူ့ကိုမျှ အသိမပေးဘဲ ကျိတ်၍ပိုးခြင်းဖြစ်ရာ အလုပ်သမားများက ကျွန်ုပ်အား "အပျိုဟိုင်း" ကြီးနှင့် ငြိနေပြီဟု ထင်မိကြကြောင်းနှင့် နောင်တွင် ပြောပြကြသေးသည်။ ၎င်းအပျိုကြီးကား စံဒေဝီတို့အိမ်၌ အကျွမ်းတဝင်ထွက်ဝင်လာခဲ့သည့် "လက်ကသုံးတောင်ဇေ"ဖြစ်လေသည်။ ကျွန်ုပ်သည် အပေါ်ထပ်တွင် အပျိုကြီးအား နေရာထိုင်ခင်းပေး၍ မျက်နှာချင်းဆိုင်ထိုင်မိကြသည်တွင် "ကောင်းသောစကား" ပါခဲ့သည်အထင်နှင့် ''ဖိုးကျိုင်းတုတ်'' ဖြစ်မိသော်လည်း တစ်ဖက်၌ကား မည်သည့်စကားအဆက်အသွယ်မျှ မရှိပါဘဲနှင့် ''ကောင်းသောစကား'' ပါလာရန် မဖြစ်နိုင်ဟု ဖျက်ချလိုက်၏။

ထို့နောက် အပျိုကြီးက...

"မောင်ဖေသိန်း မ ...ကို မင်း တကယ်ကြိုက်တာလား''

ထိုခဏ၌ သဘော်ဆိပ်တုန်းကထက် ပြင်းထန်သော ထုနှက်ခြင်းဖြင့် ကျွန်ုပ်၏နံရိုးကို နှလုံးသားက ဆောင့်၍ တိုးလိုက်သည်နှင့် ကျွန်ုပ်၏မျက်နှာပင် တစ်မျိုးတစ်မည်ဖြစ်သွားခြင်းကို အပျိုကြီး မြင်လိုက်ရသည့်လက္ခဏာနှင့် သူပင် အံ့အားသင့်သွား၏။

**ဆက်လက်ဖော်ပြပါမည်။**

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေးဟောပြောပွဲ ပြိုင်ပွဲများနှင့် စာအုပ်ပြပွဲကျင်းပ

သထုံ ဖေဖော်ဝါရီ ၅

မွန်ပြည်နယ် သထုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေးဟောပြောပွဲ၊ ပြိုင်ပွဲများနှင့် စာအုပ်ပြပွဲတို့ကို ဖေဖော်ဝါရီလ ၅ ရက်တွင် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် အခြေခံပညာမူလတန်းလွန်ကျောင်း(ဝါးတော)မှကျောင်းအုပ်ဆရာကြီး ဦးစိုးမင်းသူက အမှာစကားပြောကြားပြီး သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံနှင့် ပြည်ထောင်စု၏အဓိပ္ပာယ်၊ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများ၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် စည်းလုံးညီညွတ်ခြင်း စသည်တို့ကို အသိပညာပေးဟောပြောသည်။

ထို့နောက် ပုံပြင်ပြော၊ ကဗျာရွတ်၊ စာဖတ်စွမ်းရည်၊ စာစီစာကုံးပြိုင်ပွဲများ ကျင်းပရာ အခြေခံပညာမူလတန်းလွန်ကျောင်း(ဝါးတော)နှင့် အခြေခံပညာမူလတန်းလွန်ကျောင်း(မော်ကျော့) တို့မှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါအခမ်းအနားတွင် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာ စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များ၊ ဓာတ်ပုံမှတ်တမ်းများကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ချမ်းမြေ့**



# စည်းလုံးခြင်းသည်အင်အား၊ ပြည်ထောင်စု၏စွမ်းပကား

"စည်းလုံးခြင်းသည်အင်အား၊ ပြည်ထောင်စု၏စွမ်းပကား"ဟူသောဆောင်ပုဒ်နှင့်အညီ တိုင်းရင်းသားအားလုံး၏ ပြည်ထောင်စုစိတ်ဓာတ်ဖြင့်ရယူခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန် ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ဆက်လက်ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ်၊ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၄



## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၅) ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၅

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၂၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနအကြီးအကဲများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌက ကုန်ထုတ်လုပ်မှုဇုတိုချက်ဖြစ်သည့် တိုင်းဒေသကြီးများတွင် အသား၊ ဥ ထုတ်လုပ်ရန်၊ နေရောင်ခြည်ကောင်းစွာရသည့် တိုင်းဒေသကြီးများတွင် ဆိုလာစီမံကိန်းများ ဆောင်ရွက်ရန်နှင့် ကုန်ထုတ်လုပ်မှုတိုးမြှင့်နိုင်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးကူညီသွားရန်ရှိကြောင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ခြောက်ခုသို့ ၂၀၂၂ ခုနှစ်စက်တင်ဘာလ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ ချေးငွေများ ထုတ်ချေးထားရှိမှု၊ ချေးငွေပြန်လည်ပေးဆပ်မှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်များကြောင့် ချေးငွေအရင်း၊ အတိုးဆိုင်းငံ့ပေးခဲ့မှုများ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးသွားသော မိုးစပါးစိုက်ဧရိယာများ အမြန်ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေထုတ်ချေးပေးခဲ့မှုအခြေအနေများကို သုံးသပ်မှတ်တမ်းတင်ရန်၊ ချေးငွေများထုတ်ချေးရာတွင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးနိုင်ရေး၊ ချေးငွေစာရင်းဇယားများကိုစနစ်တကျပြုစု၍သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီများက ကြပ်မတ်ဆောင်ရွက်ရေးနှင့် မှတ်တမ်းတင်ထားရှိနိုင်ရေး၊ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် တွေ့ကြုံရသည့်အခက်အခဲများကို ဆွေးနွေးကြရန် ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တက်ရောက်လာကြသူများက ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း နွေစပါးစီမံကိန်း၊ မိုးစပါးစီမံကိန်း၊ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း မိုးစပါးချေးငွေနှင့် မိုးမြေပဲသီးနှံချေးငွေ ထုတ်ချေးရေးစာချုပ်ချုပ်ဆိုဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှမွေးမြူရေးချေးငွေများထုတ်ချေးနေမှုနှင့် စိုက်ပျိုးရေရရှိရေးစီမံကိန်းဆောင်ရွက်နေမှု၊ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေထုတ်ချေးနိုင်မှုနှင့် ချေးငွေတိုးမြှင့်ထုတ်ချေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးက (၃/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ကော်မတီအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအချို့တို့မှ တင်ပြလာကြသောချေးငွေသက်တမ်းတိုးမြှင့်ခွင့်ပြုရေး၊ စိုက်ပျိုးရေအတွက် စက်ရေတွင်းတူးဖော်ခြင်း၊ ရေတင်စက်တပ်ဆင်ခြင်းနှင့် ဆိုလာစနစ်တည်ဆောက်ခြင်းတို့အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ပြုရန် တင်ပြလာသည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီအနေဖြင့်တိုင်းဒေသကြီး၊ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် လက်တွဲပူးပေါင်းပြီး နိုင်ငံတော်မှထောက်ပံ့ပေးသော နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို အသုံးပြုကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏စီးပွားရေးဦးတည်ချက်(၃)ရပ်ကို အောင်မြင်အောင်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

## ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများပိုမိုအောင်မြင်ရေး ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ကျုံးကျေးရွာသို့ သွားရောက်ပြီး ရောင်ခြည်ဦး စိုက်ပျိုးရေးနှင့်



အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသား ဦးစိန်သန်း၏ ဆီစက်လည်ပတ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကာအသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပင်းတယမြို့နယ် ပွေးလှကျေးရွာသို့သွားရောက်ပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ ဆီထွက်သီးနှံနေကြာစိုက်တောင်သူများနှင့်တွေ့ဆုံကာ အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေး၍ ဆောင်းနေကြာစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော တောင်ကြီးမြို့နယ် ပန့်ပုန်းကျေးရွာသို့ ရောက်ရှိပြီး ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများအား မိမိပိုင်ပစ္စည်းကဲ့သို့ Ownership Mindset မွေးမြူ၍ စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြား၍ဒေသခံပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် သမဝါယမအသင်းသားတောင်သူများစိုက်ပျိုးထားသောဆီထွက်သီးနှံနေကြာစိုက်ခင်းများအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ တော်ဝင် Tgi အထည်ချုပ်နှင့် တံဆိပ်ရိုက်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ ပိုမိုအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး လိုအပ်သည့် အရင်းအနှီးများရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြား၍ လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# “ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနတစ်ခုဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ အကဲဖြတ်နိုင်မှု စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း” ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်






**နေပြည်တော် ဖေဖော်ဝါရီ ၅**

“ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနတစ်ခုဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ အကဲဖြတ်နိုင်မှု စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း” အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ရုံးအမှတ် (၁)၌ Hybrid ပုံစံဖြင့် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနတစ်ခု၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်သည့် ကြီးကြပ်ခြင်းနှင့် စိစစ်အကဲဖြတ်ခြင်းအပိုင်းသည် အရေးကြီးကြောင်းနှင့် အာဆီယံ-ဂျပန်ဗဟိုဌာန၏အကူအညီပေးမှုအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံ-ဂျပန်ဗဟိုဌာနမှ Head of Bilateral Programme ဖြစ်သူ Mr. Phutsakhon SENGMANIPHON က အာဆီယံ - ဂျပန်ဗဟိုဌာန၏ အသိပညာမျှဝေမှုများနှင့် နည်းပညာဖလှယ်မှုများမှတစ်ဆင့် အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဆောင်ရွက်ချက်များကို အထောက်အကူပြုလျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ ဝန်ဆောင်မှုပိုင်းနှင့် မူဝါဒပိုင်းဆိုင်ရာ ထိရောက်မှုရှိစေရေး၌ ကြီးကြပ်ခြင်းနှင့် စိစစ်အကဲဖြတ်ခြင်းအပိုင်းသည် အဓိက ကျကြောင်းနှင့် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆောင်ရွက်ချက်များတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲအတွင်း နိုင်ငံတကာကျွမ်းကျင်ပညာရှင် Ms. Premila Nazareth Satyanand က နိုင်ငံတွင်း ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်နိုင်မည့် မဟာဗျူဟာများ၊ ကြီးကြပ်ခြင်းနှင့် စိစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်နှင့် နည်းလမ်းများ၏ အရေးပါပုံတို့ကို မျှဝေဆွေးနွေးသွားမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲမှ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနအဖြစ် ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဝန်ထမ်းများအနေဖြင့် အကဲဖြတ်သုံးသပ်နိုင်မည့် စွမ်းဆောင်ရည်နှင့် ထိရောက်သည့်အကဲဖြတ်သုံးသပ်ခြင်းများ ဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်နိုင်မည့်အခက်အခဲများနှင့် စိန်ခေါ်မှုများကို လေ့လာသိရှိနိုင်မည့်အခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ အာဆီယံ - ဂျပန်ဗဟိုဌာနမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၆ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

# ၂၀၂၅ ခုနှစ် ကာယပညာနှင့် အားကစားနည်းပြ မွမ်းမံသင်တန်းအမှတ်စဉ်(၂)ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ၂၀၂၅ ခုနှစ် ကာယပညာနှင့် အားကစားနည်းပြမွမ်းမံသင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေး အားကစားလေ့ကျင့်ရေးစခန်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အားကစားအဖွဲ့ချုပ်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် သင်တန်းနည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ ပညာရေးစနစ်ပါ ကာယပညာသင်ကြားရေးလုပ်ငန်းကို ကျွမ်းကျင်စွာ သင်ကြားနိုင်စေရေး၊ ကျောင်းသားအားကစားလုပ်ငန်းများကို စနစ်တကျစီစဉ်ဆောင်ရွက်နိုင်သည့် အရည်အသွေးပြည့်ဝသော ကာယပညာ ဆရာ၊ ဆရာမများအဖြစ် နိုင်ငံတော်အတွက် အားထားရမည့်မျိုးဆက်သစ်ကျောင်းသားအားကစားသမားများ မွေးထုတ်ပေးနိုင်ပြီး KG+12 ကာယပညာသင်ရိုးကို ပေါက်မြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် မွမ်းမံသင်တန်းဖြစ်သည်နှင့်အညီ သက်ဆိုင်ရာအားကစားနည်းအလိုက် အမှန်တကယ်အသုံးပြုနိုင်မည့် နည်းပြများပေါ်ထွန်းလာပြီး အခြေခံပညာကျောင်းသားအားကစားပြိုင်ပွဲများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၏ အားကစားပြိုင်ပွဲများတွင် ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်သည့် ဒိုင်လူကြီးများလည်း ပေါ်ထွန်းလာမည်ဖြစ်သည့်အတွက် ဒိုင်သင်ခန်းစာများကိုလည်း ထည့်သွင်းပို့ချသွားမည်ဖြစ်ကြောင်းပြောကြားပြီး **“၂၀၂၅ ခုနှစ် ကာယပညာနှင့် အားကစားနည်းပြ မွမ်းမံသင်တန်း အမှတ်စဉ်(၂)”** ကို ဖွင့်လှစ်ပေးကာ သင်တန်းသား၊ သင်တန်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။



ယနေ့ဖွင့်လှစ်သည့်သင်တန်းကို တိုင်းဒေသကြီးနှင့်ပြည်နယ်များမှသင်တန်းသား၊ သင်တန်းသူ ၃၁၀၊ သင်တန်းနည်းပြ ၄၀ စုစုပေါင်း ၃၅၀ ဦးတို့ဖြင့် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင်သင်ကြားနိုင်မည့် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်အားကစားနည်း ခုနစ်နည်းကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၁၅ ရက်အထိ အားကစားလေ့ကျင့်ရေးစခန်း(လယ်ဝေး)၌ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တောင်ကြီးမြို့၌ ဂနိုင်ကန်သာယာဖွင့်ပွဲကျင်းပ

တောင်ကြီး ဖေဖော်ဝါရီ ၅

(၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ ဂနိုင်ကန်သာယာ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါနေရာ၌ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးသိန်းဝင်းက ဂနိုင်ကန်သာယာ တည်ဆောက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဂနိုင်ကန်သာယာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဂနိုင်ကန်သာယာ အဝင်မုခ်ဦးဆိုင်းဘုတ်ကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကန်ပတ်လည်ကွန်ကရစ်နှင့်ဘလောက်တုံးလျှောက်လမ်းဆောက်လုပ်လှူဒါန်းသော ဦးတင်မြင့် (တင်မြင့်ရီ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်)အား ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ဂနိုင်ကန်သာယာသန့်ရှင်းသာယာလှပရေး ဝိုင်းဝန်းဆောင်ရွက်သော ဌာနဆိုင်ရာများနှင့် စည်ပင်သာယာရေးဝန်ထမ်းများကိုယ်စား ပြည်နယ်စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းအား ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက ဂနိုင်ကန်သာယာအတွင်း ဆိုလာမီးတိုင်များ တပ်ဆင်ဆောင်ရွက်ပေးခဲ့သော ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သဇင်အား ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဂနိုင်ကန်သာယာဖွင့်ပွဲတွင် ပါဝင်ကူညီဆောင်ရွက်ပေးသော အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာတပ်ဖွဲ့နှင့် ကိန္နရီ ကိန္နရာအကအဖွဲ့တို့အား ဂုဏ်ပြုငွေများကိုလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂနိုင်ကန်သာယာ အဝင်မုခ်ဦးရှေ့နှင့် ကန်လျှောက်လမ်းတို့တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ဂနိုင်ကန်သာယာအတွင်း လှည့်လည်ကြည့်ရှုကြသည်။



အဆိုပါဂနိုင်ကန်သည် ယခင်ကပြုပြင်ထိန်းသိမ်းမှုမရှိဘဲ မြက်ချုံများဖြင့် ဖုံးလွှမ်းနေသောနေရာတစ်ခုအဖြစ် တည်ရှိရာမှ ယခုအခါ ပြည်သူများအနားယူအပန်းဖြေ ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်နိုင်သည့် တောင်ကြီးမြို့၏အထင်ကရ နေရာတစ်ခုအဖြစ် တည်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

## ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း အစီရင်ခံစာများပြုစုထုတ်ပြန်နိုင်ရေး အချက်အလက်အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၅

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အစီရင်ခံစာများ ရေးသားပြုစုနိုင်ရန်အတွက် အချက်အလက်အသုံးပြုသူများ၏ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမျိုးသန့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ဘာသာရပ်ဆိုင်ရာကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ခဲ့မှုနှင့် ရွှေ့ပြောင်းလူဦးရေစာရင်းထုတ်ပြန်ခဲ့မှုအခြေအနေ၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းမေးခွန်းများအရ ကောက်ယူရရှိသည့် အချက်အလက်များအပေါ် လေ့လာဆန်းစစ်ထားသည့် ပြည်ထောင်စုအစီရင်ခံစာကို ၂၀၂၅ ခုနှစ်အတွင်း ထုတ်ပြန်နိုင်ရေးဆောင်ရွက်နေမှုနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစီရင်ခံစာများ ဆက်လက်ပြုစုထုတ်ပြန်သွားမည့်အခြေအနေ၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင် သန်းခေါင်စာရင်းအစီရင်ခံစာများထုတ်ပြန်နိုင်ရေးအတွက် ထည့်သွင်းပြောကြားမည့် အချက်အလက်၊ စာရင်းဇယားများနှင့်ပတ်သက်၍ အချက်အလက်အသုံးပြုသူများ၏ လိုအပ်ချက်များ အတတ်နိုင်ဆုံးမကျန်ရှိစေရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်စိုးက အစီရင်ခံစာများထုတ်ပြန်နိုင်ရေးအတွက် Tabulation Plan ရေးဆွဲခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ တာဝန်ရှိသူများက အစီရင်ခံစာများထုတ်ပြန်ရာတွင် ဘာသာရပ်အလိုက် ခေါင်းစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဆက်စပ်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ဘာသာရပ်ခေါင်းစဉ်အလိုက် အဖွဲ့များခွဲ၍ ညှိနှိုင်းဆွေးနွေးတင်ပြခြင်းတို့ကို ဆောင်ရွက်ကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်စိုးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## နတ်မောက်မြို့နယ်၌ ဒေသဝမ်းစာဖူလုံရေး နွေစပါး ၂၁၆၂ ဧက လျာထားစိုက်ပျိုးမည်



နတ်မောက် ဖေဖော်ဝါရီ ၅

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်၍ ဒေသဝမ်းစာဖူလုံရေးအတွက် နွေစပါးကို နတ်မောက်တမံတွင် ၃၂၂ ဧက၊ ကျောက်တံခါးဆည်ရေသောက် ဧက ၁၆၀၀ နှင့်ဆည်လယ်ကန်ငယ်များတွင် ဧက ၂၄၀ စုစုပေါင်း ၂၁၆၂ ဧကစိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း သိရသည်။

နတ်မောက်မြို့နယ်၌ နွေစပါးပန်းတိုင်တစ်ဧက တင်း ၁၅၀ အထက်ထွက်ရှိနိုင်သော အထူးအထွက်နှုန်းကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက စိုက်ခင်းထဲအရောက် စိုက်ပျိုးရေးနည်းပညာများဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းများ ပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ စားရေရိက္ခာဖူလုံပေါများရေးနှင့် ပတ်သက်၍ အဓိကစားကုန်ဖြစ်သည့် ဆန်သည် မြန်မာနိုင်ငံအတွက် ဖူလုံမှုရှိပြီးဖြစ်သည့် အပြင် ပြည်ပသို့လည်း နှစ်စဉ်တင်ပို့လျက်ရှိကြောင်း၊ ပန်းတိုင်ရည်မှန်းချက်အတိုင်း ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းဆန်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

မှူမှူစန်း

## တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး ဘာသာရပ်အလိုက်သင်ကြား

ပန်းတနော် ဖေဖော်ဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ၂၀၂၅ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် မအူပင်တက္ကသိုလ်မှဘာသာရပ်အလိုက် သင်ကြားပို့ချသည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ပြည်လုံးချမ်းသာ သာသနာ့ဗိမာန်တော်၌ သိပ္ပံတွဲနှင့် ဝိပ္ပံတွဲဘာသာရပ်များကိုလည်းကောင်း၊ လေးထပ်ကျောင်းတိုက်မဏ္ဍပ်၌ ဝိဇ္ဇာတွဲဘာသာရပ်များကိုလည်းကောင်း သင်ကြားပို့ချကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့်မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ငွေငွေတို့က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မအူပင်တက္ကသိုလ် သတ္တဗေဒပါမောက္ခ(ဌာနမှူး) ဒေါက်တာ စန်းစန်းရီ၊ ဆရာ၊ ဆရာမကြီးများနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ငွေငွေတို့က ပန်းတနော်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဒွိဒသမတန်း ကျောင်းသား၊ ကျောင်းသူ ၁၀၉၄ ဦးတို့အား ဘာသာရပ်အလိုက်သင်ကြားပို့ချကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မအူပင်တက္ကသိုလ်မှ ပါမောက္ခဆရာ၊ ဆရာမများနှင့် ဒွိဒသမတန်းသင်ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကောင်းမွန်သောနံနက်ခင်းလုပ်ရိုးလုပ်စဉ်များဖြင့် တစ်နေ့တာကို စတင်နိုင်သောနည်းလမ်းများ

အရုဏ်တက်နံနက်ခင်းတိုင်းသည် တစ်နေ့တာ၏လုပ်ငန်းဆောင်တာများကို ကျန်းမာသန်စွမ်းစွာလုပ်ဆောင်နိုင်စေရန် ပြင်ဆင်ရမည့်အချိန်ဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်သော ပုံမှန်နံနက်ခင်းကို ကောင်းမွန်စွာစတင်ရန်အတွက် အရေးကြီးဆုံးလိုအပ်ချက်မှာ လုံလောက်သောအချိန်ပေးရန် လိုအပ်သည်။ ပုံမှန်နံနက်ခင်းလုပ်ရိုးလုပ်စဉ်တစ်ခုသည် မိမိကိုယ်ကိုဂရုစိုက်လေ့ကျင့်ရန်၊ အာဟာရပြည့်ဝရန်၊ နေ့စဉ်ရည်မှန်းချက်တာဝန်များချမှတ်ရန်နှင့် ရှေ့တွင်တွေ့ကြုံရမည့်အခက်အခဲများအတွက် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာပြင်ဆင်မှုကို အထောက်အပံ့ဖြစ်စေကြောင်း လေ့လာသုံးသပ်မှုများရှိပါသည်။

**ညဘက်တွင် အိပ်ရေးဝအောင်အိပ်ပါ**

ညဘက်ကောင်းစွာအနားယူခြင်းသည် နောက်တစ်နေ့တွင် လန်းဆန်းစွာနိုးထရန် ကူညီပေးနိုင်သည်။ အများစုအတွက်၊ တစ်ညလျှင် အနည်းဆုံးအိပ်စက်ချိန် ခုနစ်နာရီမှ ရှစ်နာရီအတွင်း အရည်အသွေးကောင်းမွန်သောအိပ်စက်အနားယူခြင်းအတွက် အကြံပြုချက်တချို့မှာ အိပ်ရာမဝင်မီ အရက်နှင့်သရေစာများ၊ အစားအသောက်များများစားခြင်းကိုရှောင်ကြဉ်ပါ။ တီဗွီနှင့်တခြားလျှပ်စစ်ပစ္စည်းများကိုပိတ်ပါ။ ကောင်းစွာအနားယူရန် နှိုးစက်နာရီကို အချိန်သတ်မှတ်ပါ။

**နေ့စဉ် အချိန်မှန်အိပ်ရာထပါ**

လူတို့၏ Circadian rhythm ခေါ် သဘာဝစည်းချက်နာရီသည် အိပ်ပိုက်နေချိန်၊ နိုးထချိန်နှင့် မည်သည့်အချိန်တွင် ဆာလောင်သည်ကို အကျိုးသက်ရောက်စေသည်။ ပုံမှန်မဟုတ်သောစည်းချက်နာရီသည် အိပ်စက်ခြင်းအရည်အသွေးနှင့် ကိုယ်၊ စိတ်နှစ်ပါးကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ နေ့စဉ်အချိန်မှန်အိပ်စက်ခြင်းနှင့် နိုးထခြင်းသည် မိမိတို့၏ Circadian rhythm ကို ထိန်းညှိရန်၊ ညဘက်တွင် လွယ်ကူစွာအိပ်ပျော်စေရန်နှင့် နံနက်ခင်းတွင် နိုးထရန်ကူညီပေးနိုင်သည့် နေ့စဉ်အလေ့အကျင့်ကောင်းများဖြစ်သည်။ နှိုးစက်နာရီ၏ 'snooze' ခလုတ်ကိုနှိပ်ပြီး ပြန်မှိန်းခြင်းကိုရှောင်ကြဉ်ရန်လိုအပ်သည်။ ၂၀၂၀ ပြည့်နှစ် သုတေသနပြုချက်အရ တေးဂီတသံစဉ်၊ တူရိယာသံ သို့မဟုတ် ငှက်သံကဲ့သို့ သဘာဝအသံများဖြင့် ညင်သာစွာနိုးထလာစေရန် အကြံပြုထားသည်။ သို့သော်လည်း အမှန်တကယ်နှစ်သက်သောနှိုးစက်သံကို ရွေးချယ်ခြင်းက အကျိုးအရှိဆုံးဖြစ်နိုင်သည်။

**ရေတစ်ဖန်ခွက်အပြည့်သောက်ပါ**

ရေသောက်ခြင်းသည် ကောင်းမွန်သောနံနက်ခင်း၏ကျန်းမာရေးအတွက် အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်သောကြောင့် နံနက်အိပ်ရာထချိန်တွင် ရေတစ်ဖန်ခွက်သောက်ပြီး ရေဓာတ်ပြည့်ဝနေအောင် ပုံမှန်လုပ်ပါ။ ရေဓာတ်ခန်းခြောက်ခြင်းသည် စိတ်ရှုပ်ထွေးခြင်း၊ အပူလွန်ကဲခြင်းနှင့် ဝမ်းချုပ်ခြင်း စသည်တို့ကိုဖြစ်စေနိုင်ပြီး ကျောက်ကပ်တွင် ကျောက်တည်နိုင်ခြေ တိုးလာစေသည်။ နံနက်ခင်း ကော်ဖီ သို့မဟုတ် လက်ဖက်ရည်မသောက်မီ ရေသောက်ခြင်းသည် ကဖင်းဓာတ်ပါသောအချိုရည်များမှဖြစ်ပေါ်လာသည့် ရေဓာတ်ခန်းခြောက်မှုကို တိုက်ဖျက်ပေးသည်။

**ကျန်းမာရေးနှင့်ညီညွတ်သောနံနက်စာစားပါ**

နံနက်စာကိုဦးစားပေးစားခြင်းသည် အာဟာရပြည့်ဝစေပြီး ခန္ဓာကိုယ်ကျန်းမာရေး၊ ကိုယ်အလေးချိန်ထိန်းညှိရေးနှင့် ရောဂါကာကွယ်ရေးအတွက် ခွန်အားနှင့်စိတ်ပိုင်းဆိုင်ရာနိုးကြားမှုကို တိုးတက်စေသည်။ ကျန်းမာရေးနှင့်ညီညွတ်စေရန် နံနက်စာတွင် ပရိုတင်း၊ အမျှင်ဓာတ်၊ ကျန်းမာရေးနှင့်ညီညွတ်သော အဆီများ၊ ဗီတာမင်များ၊ သတ္တုဓာတ်များနှင့် တခြားအာဟာရဓာတ်များ ကြွယ်ဝစွာပါဝင်စေပြီး ဆားနှင့်သကြားများကို ရှောင်ရန်ဖြစ်သည်။ တစ်နေ့တာကို ကျန်းမာရွှင်လန်းစွာစတင်ရန် ကြိုက်နှစ်သက်သော ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များဖြင့် နံနက်စာကိုပြင်ဆင်ပါ။

**သဘာဝအလင်းရောင်နှင့် ထိတွေ့ပါ**

နံနက်ခင်း၏တောက်ပသောအလင်းရောင်သည် ခန္ဓာကိုယ်ကို နိုးထချိန်ရောက်ကြောင်း သဘောပေါက်စေသည့် အဓိကအချက်ဖြစ်သည်။ နိုးလာသောအခါ နေ့အလင်းရောင်နှင့်ထိတွေ့ခြင်းသည် အလင်းနှင့်အမှောင် သဘာဝစည်းချက်နာရီကိုထိန်းသိမ်းခြင်း၏ အရေးကြီးသောအချက်ဖြစ်သည်။ ညဘက်စောစောတွင် ပို၍အိပ်မောကျစေပြီး အချိန်မှန်အိပ်ရာဝင်ရန် ပို၍လွယ်ကူစေသည်။ ထို့ပြင် ခန္ဓာကိုယ်မှ နေရောင်ခြည်ထိတွေ့မှုဖြင့်ဖန်တီးပေးသော ဗီတာမင် D သည် ကိုယ်ခံအားစနစ်ကို အထောက်အကူပြုပြီး စိတ်ခံစားချက်များကို မြှင့်တင်ပေးနိုင်သည်။ အိပ်ရာမှထပြီးသည်နှင့် ပြတင်းပေါက်များကိုဖွင့်ကာ လတ်ဆတ်သောလေကို နက်ရှိုင်းစွာရှူရှိုက်ပြီးခံစားရန် ခဏအချိန်ပေးသင့်ပါသည်။

> **"တရားထိုင်ခြင်း၊ အသက်ရှူသွင်းခြင်း သို့မဟုတ် သတိပဋ္ဌာန်လေ့ကျင့်ခြင်းသည် ကျန်းမာသောနံနက်ခင်းတစ်ခုအတွက် ကောင်းမွန်သောလေ့ကျင့်ခန်းတစ်ခုဖြစ်သည်။ အသက်ရှူခြင်းကို အာရုံစိုက်ခြင်း၊ သတိရှိနေခြင်းနှင့် စိတ်ကိုကြည်လင်စေခြင်းတို့ဖြစ်စေသည်။ နံနက်တိုင်း ၁၀ မိနစ် သို့မဟုတ် ၁၅ မိနစ် တရားထိုင်ခြင်းသည် စိတ်ဓာတ်ကျခြင်း၊ စိတ်ဖိစီးမှုနှင့် စိုးရိမ်ပူပန်မှုကိုလျော့ကျစေပြီး ကျန်းမာရေးကို အထောက်အကူပြုသည် . . ."**

**နံနက်ခင်း ကော်ဖီ သို့မဟုတ် လက်ဖက်ရည်တစ်ခွက်သောက်ပါ**

ပုံမှန် ကော်ဖီ သို့မဟုတ် လက်ဖက်ရည်တစ်ခွက်သောက်ခြင်းသည် အာရုံကြောစနစ်ကိုလှုံ့ဆော်ပေးပြီး ပျော်ရွှင်စေသောဟော်မုန်းများ ထုတ်လွှတ်ပေးနိုင်သည်။ ကဖင်းဓာတ်သည် ဦးနှောက်လှုံ့ဆော်မှုကို တိုးမြှင့်စေ၍ အာရုံစူးစိုက်မှု၊ တုံ့ပြန်မှုနှင့် မှတ်ဉာဏ်စွမ်းရည်ကို မြှင့်တင်ပေးသည်။ ဇီဝဖြစ်စဉ်ကိုတိုးမြှင့်စေပြီး ကယ်လိုရီကို ထိရောက်စွာလောင်ကျွမ်းစေသည်။ ပုံမှန်အားဖြင့် ရိုးရိုးရေနွေးဖြင့်ဖျော်ထားသော ဘလက်ကော်ဖီသည် သကြား၊ နို့၊ ခရင်မ်၊ ပျားရည်နှင့် အနံ့အရသာများမပါဝင်သောကြောင့် ကျန်းမာရေးနှင့်ညီညွတ်သည့် ရွေးချယ်စရာတစ်ခုဖြစ်သည်။

**အသက်ရှူလေ့ကျင့်ခန်း သို့မဟုတ် တရားထိုင်ပါ**

တရားထိုင်ခြင်း၊ အသက်ရှူသွင်းခြင်း သို့မဟုတ် သတိပဋ္ဌာန်လေ့ကျင့်ခြင်းသည် ကျန်းမာသောနံနက်ခင်းတစ်ခုအတွက် ကောင်းမွန်သောလေ့ကျင့်ခန်းတစ်ခုဖြစ်သည်။ အသက်ရှူခြင်းကို အာရုံစိုက်ခြင်း၊ သတိရှိနေခြင်းနှင့် စိတ်ကိုကြည်လင်စေခြင်းတို့ဖြစ်စေသည်။ နံနက်တိုင်း ၁၀ မိနစ် သို့မဟုတ် ၁၅ မိနစ် တရားထိုင်ခြင်းသည် စိတ်ဓာတ်ကျခြင်း၊ စိတ်ဖိစီးမှုနှင့်စိုးရိမ်ပူပန်မှုကိုလျော့ကျစေပြီး ကျန်းမာရေးကိုအထောက်အကူပြုသည်။ တရားထိုင်ခြင်းသည် နေ့စဉ် အချိန်တိုင်းတွင် အကျိုးကျေးဇူးများပေးစွမ်းနိုင်သော်လည်း နံနက်ပိုင်းသည် စိတ်ကိုကြည်လင်စေပြီး အတွေးများကိုစုစည်းနိုင်ကာ တစ်နေ့တာအတွက် ဆင်ခြင်ဉာဏ်ကို ချမှတ်နိုင်သည်။

**အလုပ်သွားရန် လုံလောက်သောအချိန်ပေးပါ**

အိမ်မှာအလုပ်လုပ်သည်ဖြစ်စေ၊ ရုံးသို့သွားသည်ဖြစ်စေ နံနက်ခင်းလုပ်ရိုးလုပ်စဉ်ကို ပြီးမြောက်အောင်လုပ်ရန်အတွက် အချိန်အလုံအလောက်ရှိရန်လိုအပ်ပါသည်။ အလုပ် သို့မဟုတ် ကျောင်းသွားရန် အလျင်စလိုမလုပ်ဘဲ အချိန်အလုံအလောက်ချန်ထားသင့်သည်။ အထူးသဖြင့် နံနက်စောစောနိုးလေ့မရှိသူများအတွက် အိပ်ရေးဝအောင်အိပ်ရန် နှိုးစက်နာရီကို သင့်လျော်စွာသတ်မှတ်ပါ။

**ချစ်ရသူများနှင့် ဆက်သွယ်ရန်အချိန်ပေးပါ**

နံနက်ခင်းသည် တခြားသူများနှင့်ဆက်သွယ်မှုကို အာရုံစိုက်ရန် အကောင်းဆုံးအချိန်ဖြစ်နိုင်သည်။ အိမ်တွင် ချစ်ရသူနှင့်မိသားစုကို အာရုံစိုက်ရန်အချိန်ပေးပါ။ ချစ်ရသူတစ်ဦး၊ မိသားစုဝင် သို့မဟုတ် သူငယ်ချင်းကို ဖုန်းခေါ်ဆိုရန် အချိန်ခဏယူပါ။ ခိုင်မာသောလူမှုဆက်ဆံရေးနှောင်ကြိုးများသည် အလုံးစုံကျန်းမာရေးကို မြှင့်တင်ပေးပြီး စိတ်ဓာတ်ကျခြင်းနှင့် စိုးရိမ်ပူပန်ခြင်းကဲ့သို့သော စိတ်ကျန်းမာရေးပြဿနာများကို လျော့နည်းစေသည်။

**နံနက်ခင်းတွင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းလုပ်ပါ**

နံနက်ခင်းတွင် ခြေ၊ လက်များကိုဆန့်ထုတ်ခြင်းက ကြွက်သားများတင်းကျပ်မှုကို လျော့ပါးသက်သာစေပြီး နွေးထွေးသောခြေလက်များကို နိုးကြားလာစေနိုင်ပါသည်။ ကိုယ်လက်လှုပ်ရှားမှုသည် ဦးနှောက်နှင့် ခန္ဓာကိုယ်အနှံ့ သွေးစီးဆင်းမှုကိုတိုးမြှင့်စေပြီး နှလုံးသွေးကြောကျန်းမာရေးကို တိုးတက်စေသည်။ ပုံမှန်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းသည် ခန္ဓာကိုယ်ရုပ်ပိုင်းဆိုင်ရာအကျိုးကျေးဇူးများအပြင် စိတ်ခံစားချက်ကိုမြှင့်တင်ပေးသဖြင့် စိတ်ဖိစီးမှုနှင့် စိုးရိမ်ပူပန်မှုတို့ကို သက်သာစေပြီး ကျန်းမာပျော်ရွှင်စေနိုင်သည်။ နံနက်ခင်းလေ့ကျင့်ခန်းလုပ်ခြင်းသည် မှတ်ဉာဏ်နှင့်အာရုံစူးစိုက်မှုကဲ့သို့သော အရေးကြီးသည့်ဦးနှောက်လုပ်ဆောင်ချက်များကို မြှင့်တင်ပေးသည်။

**ဦးနှောက်ဂိမ်းများကစားပါ**

စကားဝှက်များနှင့် ဉာဏ်စမ်းခြင်းကဲ့သို့ ဦးနှောက်ကိုလှုံ့ဆော်ပေးသည့်ဂိမ်းများကို ကစားခြင်းသည် နိုးကြားပြီး သတိရှိရန်၊ စိတ်ဖိစီးမှုကို ရင်ဆိုင်ရန်၊ တစ်နေ့တာအတွက် သင့်ကိုယ်သင်ပြင်ဆင်ရန်နှင့် စဉ်းစားဆင်ခြင်နိုင်စွမ်းကို တိုးမြှင့်စေသည်။ ကျန်းမာသောအရွယ်ရောက်ပြီးသူများတွင် စကားလုံး သို့မဟုတ် ကိန်းဂဏန်းများကို အခြေခံသောဂိမ်းများသည် သိမြင်နိုင်စွမ်း၊ အာရုံစူးစိုက်မှုနှင့် မှတ်ဉာဏ်တို့ကို အကျိုးသက်ရောက်စေကြောင်း သုတေသီများက တွေ့ရှိခဲ့ကြသည်။

**နံနက်ခင်းမှာ စာဖတ်ပါ**

နံနက်ခင်းမှာ စာဖတ်ခြင်းသည် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးကိုမြှင့်တင်ရန် အဖိုးတန်သောခြေလှမ်းတစ်ခုဖြစ်သည်။ စာဖတ်ခြင်းက စိတ်ကိုလှုံ့ဆော်ပေးပြီး မှတ်ဉာဏ်ကိုမြှင့်တင်ပေးနိုင်သည်။ ၂၀၁၆ ခုနှစ် လူမှုရေးသိပ္ပံနှင့် ဆေးပညာမဂ္ဂဇင်းတွင်ဖော်ပြသော Bavishi နှင့် သုတေသီများ၏ ၁၂ နှစ်ကြာလေ့လာမှုတစ်ခုတွင် နေ့စဉ်အခန်းတစ်ခန်းစာအုပ်ဖတ်ခြင်းသည် အသက်ရှည်ခြင်းနှင့်ဆက်စပ်မှုရှိကြောင်း၊ ပုံမှန်စာအုပ်ဖတ်သူများသည် စာမဖတ်သူများနှင့် နှိုင်းယှဉ်ပါက သေဆုံးနိုင်ခြေ ၂၀ ရာခိုင်နှုန်းလျော့နည်းကြောင်း တွေ့ရှိခဲ့သည်။

**သီချင်းနားထောင်ပါ**

တစ်နေ့တာကို သက်သောင့်သက်သာဖြင့်စတင်စေမည့် နောက်တစ်နည်းမှာ သီချင်းနားထောင်ခြင်းဖြစ်သည်။ သီချင်းနားထောင်ခြင်းသည် တင်းမာမှု၊ စိတ်ဖိစီးမှုနှင့် နာကျင်မှုကို လျော့ပါးစေပြီး စိတ်ခံစားချက်နှင့် မှတ်ဉာဏ်ကိုတိုးတက်စေကြောင်း သုတေသီများက တွေ့ရှိခဲ့သည်။ သီချင်းသည် စိတ်ကိုဆွဲဆောင်နိုင်ပြီး ပျော်ရွှင်မှုနှင့်စိတ်အပန်းဖြေမှုကို ပေးစွမ်းနိုင်သဖြင့် သီချင်းကြိုက်သူများသည် နံနက်ခင်း တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် အိမ်မှုကိစ္စအနည်းငယ်ပြုလုပ်နေစဉ် အကြိုက်ဆုံးသီချင်းကိုနားထောင်ပါ။

**နေ့စဉ်လုပ်ဆောင်ရန် အစီအစဉ်ချမှတ်ပါ**

နံနက်ခင်းတွင် ရည်မှန်းချက်များနှင့် အိမ်တွင်ဖြစ်စေ၊ အလုပ်ခွင်တွင်ဖြစ်စေ လုပ်ဆောင်ရမည့်အလုပ်အစီအစဉ်များကိုချရေးခြင်းသည် လုပ်ဆောင်ရမည့်အရာအတွက် စိုးရိမ်ပူပန်မှု၏ဝန်ထုပ်ဝန်ပိုးမှ စိတ်ကိုလွတ်မြောက်စေခြင်းဖြင့် စိတ်ဖိစီးမှုကိုသက်သာစေကြောင်း စိတ်ပညာရှင်များက တွေ့ရှိခဲ့သည်။ ဦးစားပေးလုပ်ဆောင်သင့်သည့်အရာများနှင့် မနက်ဖြန်လုပ်ရန်တို့ကို ပိုမိုရှင်းလင်းစွာတွေးခေါ်နိုင်စေပြီး အလုပ်တာဝန်များကို စီမံခန့်ခွဲနိုင်သည်။ အီလက်ထရွန်နစ်သတိပေးချက်အသုံးပြုခြင်းသည် အချိန်မှန်ဆေးသောက်ခြင်းကဲ့သို့သော နေ့စဉ်ဂရုစိုက်ရန်လိုအပ်သည့်အလုပ်များကို အမြဲလုပ်ဆောင်နိုင်ရန် ကူညီပေးနိုင်ပါသည်။

**တီထွင်ဖန်တီးမှုရယူပါ**

ဦးနှောက်ကိုတီထွင်ဖန်တီးနိုင်စေရန် အချိန်အနည်းငယ်ပေးခြင်းသည် နံနက်ခင်းများကိုစတင်ရန် အဖိုးတန်နည်းလမ်းတစ်ခုဖြစ်သည်။ ကျန်းမာသောဘဝနှင့်အလုပ် ဟန်ချက်ညီမှုကိုမြှင့်တင်ပေးကာ စိတ်ဖိစီးမှုကို စီမံခန့်ခွဲနိုင်သဖြင့် ချက်ချင်းပြီးပြည့်စုံသည့်ခံစားချက်ကို ရရှိစေသည်။ ပုံဆွဲရန် သို့မဟုတ် ဆေးခြယ်ရန်၊ သီချင်း သို့မဟုတ် ဂျာနယ်အတွက် ဆောင်းပါးရေးရန်၊ ချည်ထိုးရန်၊ ဥယျာဉ်စိုက်ပျိုးရန်အတွက် မိနစ်အနည်းငယ်မျှအချိန်ယူရန် ကြိုးစားပါ။

အချုပ်အားဖြင့်ဆိုသော် ကျန်းမာရေးနှင့်ညီညွတ်သော ပုံမှန်နံနက်ခင်းလုပ်ရိုးလုပ်စဉ်တစ်ခုသည် လူအများစုအတွက် ကျန်းမာပျော်ရွှင်မှုနှင့် လုပ်အားပိုမိုထုတ်လုပ်နိုင်စေရန် များစွာအရေးပါသည်။ ယေဘုယျအားဖြင့် အကောင်းဆုံးသောနံနက်ခင်းလုပ်ရိုးလုပ်စဉ်များသည် ဖုန်းခေါ်ဆိုမှု၊ ကော်ဖီတစ်ခွက် သို့မဟုတ် နံနက်ခင်းလမ်းလျှောက်ခြင်းဖြင့် တစ်နေ့တာကို စတင်ခြင်းဖြစ်သည်။ အထက်ဖော်ပြပါနည်းလမ်းများသည် စိတ်ကိုနိုးကြားစေပြီး ရှေ့ဆက်ရမည့်နေ့ရက်များအတွက်ပြင်ဆင်ခြင်း၏နောက်ဆက်တွဲနည်းလမ်းများဖြစ်သောကြောင့် မိမိနှင့်အဆင်ပြေမည့်နည်းလမ်းများကို ရွေးချယ်နိုင်စေရန် ဖော်ပြလိုက်ရပါသည်။

ဒေါက်တာသိင်္ဂီကျော်

## မြိတ်မြို့ လေးကျွန်းဆီမီးစေတီတော်ကြီး၌ ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကျင်းပမည်



**မြိတ် ဖေဖော်ဝါရီ ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ လေးကျွန်း ဆီမီးစေတီတော်ကြီး၌ ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကို ထီးတော်မှကျည်းဝင်းအထိ ၉ ပေ ၉ လက်မပတ်လည် ရွှေစင်ရွှေပြားများဖြင့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပမည် ဖြစ်ကြောင်းသိရသည်။

အလှူရှင်စေတနာရှင်များမှ လှူဒါန်းကြသည့် ရွှေစင်ရွှေပြားများနှင့် မျက်ပါးရွှေဆိုင်းများကို ၁၃၈၆ ခုနှစ် တပေါင်းလပြည့်နေ့တွင် စေတီတော်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများက ရေစက်သွန်းချအမျှပေးဝေပြီး စေတီတော်ကြီးကို တစ်ပတ်ပတ်ကာ အလှူရှင်များကိုယ်တိုင် ပန်းရထားဖြင့် စေတီတော်ကြီးပေါ်သို့ ဆွဲတင်၍ ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း၊ ရပ်ဝေးရပ်နီးမှ ဓမ္မမိတ်ဆွေအပေါင်းတို့က သဒ္ဓါတရားထက်သန်စွာ လာရောက်လှူဒါန်းနိုင်ကြကြောင်း သိရသည်။

(၄၁၂)

## ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**ပင်းတယ ဖေဖော်ဝါရီလ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ယာကေမျာမှထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်ရန် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီလ ၅ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ဝါတရာကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးအောင်လွင်ဦး၊ ပင်းတယမြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နှင့်တာဝန်ရှိသူများသည် ဝါတရာကျေးရွာတွင် အရှည် ၃ ဒသမ ၃၅ ဖာလုံ၊ အကျယ်၁၂ ပေ၊ မြေသား ၁ ပေ၊ သဲဖြူနိုး ထု ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသဦးစီးမှူးက အဆိုပါကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးကုန်ထုတ်လမ်းအား ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ဝါတရာကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၅၀ အကုန်အကျခံ၍ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ စတုတ္ထအပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ပိုးသခင်

## ကျွန်းလှမြို့နယ်၌ KG ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေး

**ကျွန်းလှ ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီးအာဟာရဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် KG ကျောင်းသား၊ ကျောင်းသူများအား ပထမအကြိမ် အာဟာရကျွေးမွေးခြင်းကို ဖေဖော်ဝါရီလ ၅ ရက် နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း (ကျွန်းလှ)၌ ဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျွန်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများက ကျောင်းနေအရွယ်ကလေးများကို အာဟာရကျွေးမွေးရခြင်းအကြောင်း ရှင်းလင်းအသိပညာပေးပြောကြားကြောင်း၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများက ကျန်းမာရေးနှင့်ညီညွတ်သောအာဟာရအစားအစာများ ချက်ပြုတ်ပြင်ဆင်၍ နေ့လယ်စာထမင်း၊ ရွှေဖရုံသီး၊ ကုလားပဲ၊ ကြက်ဥနှင့် ငှက်ပျောသီးတို့ ကျွေးမွေးခဲ့ကြောင်း အာဟာရဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့်အခြေခံပညာကျောင်း ၂၀ မှ KG ကျောင်းသား၊ ကျောင်းသူများ ၄၁၄ ဦးအား အာဟာရအစားအစာသုံးကြိမ်ကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။



မျိုးဝင်းညို (ကျွန်းလှ)

## ပြည်ထောင်စုပွဲတော် တူနွဲပျော်

* သွေးချင်းစုံ ညီနောင်ထု
ပြည်ထောင်စု နိုင်ငံတော်။
ပြည်နယ်ခြား စကားကွဲလည်း
တစ်သားတည်းနော်။
စကားဝဲ ရိုးသားပျော်
ခင်မင်စွာ ဖော်ရွေတတ်။
သွေးချင်းဆွေ တိုင်းရင်းသားတို့
စိတ်ထားဖြောင့်မတ်။

* စိတ်ထားအမှန်လှ
ဟိတ်ဟန်က မရှိပါ။
ကူညီကာ ရိုးပင်း
တိုင်းရင်းဆွေညာ။
လက်စားလိုက် ဓလေ့မှာ
မွေ့စရာ ချစ်ဖွယ်ကောင်း။
သွေးချင်းတွေ သဒ္ဓါလှ
စာဂဖြူကြောင်း။

* ပြည်ထောင်စု ဆွေပွဲတော်။
ခမ်းနားစွာ ကျင်းပမြဲ
ဆင်နွဲပျော်ပျော်။
တက်ရောက်ဖို့ ဖိတ်ကြားခေါ်
နောင်ညီဖော် သွေးချင်းများ။
ရိုးရာဝတ်စုံ ဆင်တူကြ
လှလွန်းစွတကား။

* ယခင်နှစ်ကထက်
အသွင်သစ်လှ ကြီးကျယ်စွာ။
ပြည်နယ်ပြခန်းများ
ဆန်းပြားစုံကာ။
ပြည်ထောင်စုပွဲ ဂုဏ်မဟာ
ဂုဏ်အဖြာဖြာ မြင့်မြင့်မား။
ဆွေအစုံ ပွဲလယ်တင့်
ဝင့်ဝင့်ကြွားကြွား။ ။

**ခင်ဖုန်းကြည်(မိုင်းပွန်)**

**ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ**

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**

**သဇင် (FM)အသံလွှင့်အစီအစဉ်**

၆-၂-၂၀၂၅(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မဟာအောင်မြေမြို့နယ်တွင် နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲပြုလုပ်



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၅**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မဟာအောင်မြေမြို့နယ်၊ ၅၆ လမ်းပေါ်ရှိ ၃၅ လမ်းမှ သိပ္ပံ ၁၁၁ လမ်းအထိလည်းကောင်း၊ ၄၂ လမ်းပေါ်ရှိ ၅၉ လမ်းမှ အရှေ့မြို့ပတ်လမ်းအထိလည်းကောင်း နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းနေရာ၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ နှစ်အလိုက် ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ မြို့ပေါ်ရှိ လမ်းများတိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက်လုပ်ငန်း ဆောင်ရွက်ပေးနေမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများ၊ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့အား အမှတ်တရလက်ဆောင်များနှင့် ဂုဏ်ပြုငွေများချီးမြှင့်ပေးအပ်ကြသည်၊ ၎င်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက လမ်းတစ်လျှောက်အား လှည့်လည်ကြည့်ရှုပြီး မြို့မိမြို့ဖများအား ရင်းနှီးစွာနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ၅၆ လမ်းပေါ်ရှိ ၃၅ လမ်းမှ သိပ္ပံလမ်းအထိ အရှည် ၅၈၈၅ ပေနှင့် အကျယ် ၄၀ ပေအားလည်းကောင်း၊ ၄၂ လမ်းပေါ်ရှိ ၅၉ လမ်းမှ အရှေ့မြို့ပတ်လမ်းအထိ အရှည် ၄၅၂၇ ပေနှင့် အကျယ် ၃၀ ပေအားလည်းကောင်း နိုင်လွန်ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်ခင်းပေးထားကာ လိုအပ်သည့်နေရာများတွင် တံတားများ ဘေးချဲ့ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ယခင်လမ်းအဆင့်မြှင့်တင်ခင်းပေးခြင်းမဆောင်ရွက်မီက ၎င်း ၅၆ လမ်းပေါ်တွင် ယာဉ်သွားလာအသုံးပြုမှုများ သဖြင့် ယာဉ်များသွားလာရာ၌ ကျပ်တည်းမှု အမြဲတမ်းဖြစ်ပေါ်နေသည့်အတွက် ယခုကဲ့သို့ (၄)လမ်းသွားအဖြစ် ဘေးချဲ့၍ နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းပြီး ပြည်သူများ အချိန်တိုအတွင်း သွားလာမှု ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(၁၀၀)

## “ ပြပွဲရဲ့ လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်း (Business Matching Hall) မှာ MSME လုပ်ငန်းတွေအတွက် အကျိုးကျေးဇူးရရှိစေမယ့် ပြည်တွင်းဈေးကွက်ချိတ်ဆက်မှု၊ ပြည်ပဈေးကွက်ချိတ်ဆက်မှု၊ ဘဏ္ဍာငွေရရှိရေးအတွက် ချိတ်ဆက်မှုအပြင် သက်ဆိုင်ရာအစိုးရဌာနတွေကနေ သတင်းအချက်အလက်တွေကို မျှဝေပေးမယ့်အစီအစဉ်တွေ ပါဝင်ပါတယ် ”




(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြပွဲပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းသုံးထုတ်ကုန်များ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ပြပွဲအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်ရာ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် MSME လုပ်ငန်းရှင်များအတွက် လုပ်ငန်းစီးပွားချိတ်ဆက်မှုအစီအစဉ်လည်းပါဝင်ပြီး ထိုသို့ဆောင်ရွက်ပေးနိုင်ရေးအတွက် လုပ်ငန်းစီးပွားချိတ်ဆက်မှုဆပ်ကော်မတီ၏ ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ အဆိုပါဆပ်ကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်–

**မေး။ ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် MSME ကျင်းပတဲ့အခါ လုပ်ငန်းရှင်အချင်းချင်းချိတ်ဆက်နိုင်ဖို့ ဘယ်လိုတွေဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**



**ဖြေ။** ပြပွဲရဲ့ လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်း (Business Matching Hall) မှာ MSME လုပ်ငန်းတွေအတွက် အကျိုးကျေးဇူးရရှိစေမယ့် ပြည်တွင်းဈေးကွက်ချိတ်ဆက်မှု၊ ပြည်ပဈေးကွက်ချိတ်ဆက်မှု၊ ဘဏ္ဍာငွေရရှိရေးအတွက် ချိတ်ဆက်မှုအပြင် သက်ဆိုင်ရာအစိုးရဌာနတွေကနေ သတင်းအချက်အလက်တွေကို မျှဝေပေးမယ့် အစီအစဉ်တွေ ပါဝင်ပါတယ်။ ပြည်တွင်းဈေးကွက်ချိတ်ဆက်မှုအနေနဲ့ MSME လုပ်ငန်းတွေကထုတ်လုပ်ထားတဲ့ ထုတ်ကုန်ပစ္စည်းတွေကို ပြည်တွင်းမှာရှိတဲ့ Modern စတိုးတွေ၊ လက်လီ/လက်ကားဆိုင်တွေဖြစ်တဲ့ City Mart၊ AERON၊ Makro၊ G and G စတဲ့ဆိုင်တွေမှာ ရောင်းချနိုင်ရေးအတွက် ဖေဖော်ဝါရီလ ၁၀ ရက်ကနေ ၁၄ ရက်အထိ မျက်နှာချင်းဆိုင် တွေ့ဆုံပေးသွားမှာဖြစ်ပါတယ်။

အဲဒီလိုပဲ ပြည်ပဈေးကွက် ချိတ်ဆက်မှုအနေနဲ့ ပြည်ပတင်ပို့နေတဲ့ Exporters တွေ၊ နိုင်ငံ ၁၂ နိုင်ငံက စေလွှတ်ထားတဲ့ စီးပွားရေးသံမှူး ၁၆ ဦးတို့နဲ့ Video Conferencing စနစ်နဲ့ ချိတ်ဆက်ပေးဖို့ စီစဉ်ထားပါတယ်။ ဘဏ္ဍာငွေရရှိရေး ချိတ်ဆက်မှုအနေနဲ့ ပုဂ္ဂလိကဘဏ်ရှစ်ခုကနေ ဘဏ်ချေးငွေရရှိရေး ဘဏ်တွေရဲ့ ဝန်ဆောင်မှုနဲ့ပတ်သက်တဲ့ သတင်းအချက်တွေရရှိနိုင်ဖို့ တိုင်းနဲ့ပြည်နယ်အသီးသီးက MSME လုပ်ငန်းရှင်တွေက Business Matching Hall မှာ မျက်နှာချင်းဆိုင် တွေ့ဆုံရှင်းလင်းချိတ်ဆက်သွားမှာဖြစ်ပါတယ်။ ပြခန်းအမှတ် (၂၅)မှာ Business Matching Hall တည်ရှိမှာဖြစ်ပြီး နေ့အလိုက် တွေ့ဆုံမယ့် လုပ်ငန်းရှင်စာရင်းတွေကို အချိန်ဇယားအလိုက် တွေ့ဆုံမှုတွေ ပြုလုပ်နိုင်ဖို့ TV နဲ့ ကြေညာပြသပေးထားမှာ ဖြစ်ပါတယ်။ စာရင်းမပေးထားတဲ့ MSME လုပ်ငန်းရှင်တွေအနေနဲ့ စိတ်ဝင်စားမှုရှိရင် ပြခန်းမှာ လာရောက်စာရင်းပေးနိုင်ပြီး တွေ့ဆုံလိုတဲ့ ဘဏ်၊ လက်လီ/လက်ကားလုပ်ငန်း၊ စီးပွားရေးသံမှူးတွေနဲ့ အဆင်ပြေစွာတွေ့ဆုံဆွေးနွေးနိုင်ရေး စီစဉ်ပေးမှာဖြစ်ပါတယ်။ MSME လုပ်ငန်းတွေရဲ့ ထုတ်ကုန်တွေ FDA လက်မှတ်ရရှိနိုင်ရေးအတွက် လိုအပ်ချက်တွေနဲ့ FDA လက်မှတ်ရရှိရေးလုပ်ငန်းစဉ်တွေ၊ ကုမ္ပဏီတည်ထောင်လိုတဲ့ MSME လုပ်ငန်းတွေရှိရင်လည်း DICA အရာရှိကလည်း ကုမ္ပဏီတစ်ခုတည်ထောင်ရေးအတွက် လုပ်ငန်းစဉ်တွေ၊ စာရွက်စာတမ်း လိုအပ်ချက်တွေကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဒါ့အပြင် MSME ထုတ်ကုန်တွေအတွက် ကုန်အမှတ်တံဆိပ်(Trade Mark) မှတ်ပုံတင်ရရှိရေးဟာ အရေးကြီးတဲ့အတွက် မူပိုင်ခွင့်ဦးစီးဌာန၊ MSME ထုတ်ကုန်တွေ ပြည်ပကိုတင်ပို့တဲ့ ထုတ်ကုန်တွေ ပို့ကုန်လိုင်စင်လျှောက်ထားတဲ့အခါ Myanmar Trade Net 2.0 ကို အသုံးပြုပုံကို ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ရှင်းလင်းရေးကိစ္စတွေကို သဘောပေါက်နားလည်နိုင်ရေးအတွက် အကောက်ခွန်ဦးစီးဌာနကလည်း MSME လုပ်ငန်းရှင်တွေကို သိသင့်သိထိုက်တဲ့ သတင်းအချက်အလက်တွေကို ဖြေကြားသွားမှာဖြစ်ပါတယ်။

**မေး။ ဒီလိုလုပ်ငန်းစီးပွားချိတ်ဆက်ရေးဟာ MSME လုပ်ငန်းတွေအတွက် ဘယ်လောက်အထိ အထောက်အကူပြုတယ်ဆိုတာသိပါရစေ။**

**ဖြေ။** ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ/ ပြိုင်ပွဲ ဖြစ်တဲ့အတွက် တစ်နေရာတည်းမှာ တိုင်းဒေသကြီး/ ပြည်နယ်တွေရဲ့ထုတ်ကုန်တွေကို တွေ့ရမယ်၊ သတင်းအချက်အလက်တွေကိုရရှိနိုင်မယ်၊ စီးပွားရေးလုပ်ငန်းအချင်းချင်း တွေ့ဆုံချိတ်ဆက်မှုတွေကြောင့် လုပ်ငန်းချင်းချိတ်ဆက်ဆောင်ရွက်မှု မြှင့်တင်နိုင်မယ်၊ နိုင်ငံတော်ကနေ ချီးမြှင့်တဲ့ဆုငွေတွေ ရရှိနိုင်မှာဖြစ်တဲ့အတွက် MSME လုပ်ငန်းတွေအတွက် လက်မလွှတ်သင့်တဲ့အခွင့်အရေးကို ၂၀၂၅ ခုနှစ်မှာ ရရှိနိုင်မှာဖြစ်ပါတယ်။

**မေး။ ဒီလို MSME ပြပွဲ၊ ပြိုင်ပွဲတွေကနေ တစ်ဆင့် အခွင့်အလမ်းတွေရရှိပြီး ပိုမိုတိုးတက်မှုရရှိအောင် ဝန်ကြီးဌာနအနေနဲ့ ဘယ်လို အားဖြည့်ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

**ဖြေ။** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ MSME လုပ်ငန်းတွေအတွက် ဝန်ကြီးဌာနကနေ ပြည်ပကုန်စည်ပြပွဲကို ပါဝင်ပြသနိုင်ရေး၊ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်တွေ အသုံးပြုနိုင်ရေးတွေကို ဆောင်ရွက်ပေးမယ်။

ပြီးတော့ မြန်မာရဲ့ အဓိကဈေးကွက်ဖြစ်တဲ့ တရုတ်နိုင်ငံကိုတင်ပို့ရာမှာ ဈေးကွက်ဝင်ရောက်ခွင့် GACC လက်မှတ်ရရှိရေးအတွက် ဆောင်ရွက်ပေးမှုအခြေအနေ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းအပါအဝင် မူပိုင်ခွင့်ဆိုင်ရာဥပဒေ၊ စားသုံးသူအခွင့်အရေးကာကွယ်ရေးအတွက် သိသင့်သိထိုက်တဲ့အချက်တွေ၊ ကုန်သွယ်မှုပိုင်းကနေ MSME တွေအတွက် ဆောင်ရွက်ပေးနေမှုတွေကို ဝန်ကြီးဌာနပြခန်းကနေ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒါ့အပြင် ဝန်ကြီးဌာနပြခန်းမှာ ပြည်ပကိုတင်ပို့နေတဲ့ ဆန်၊ ပဲမျိုးစုံ၊ ကော်ဖီနဲ့ ပြည်တွင်းကနေ ထုတ်လုပ်တဲ့ မြေပဲဆီ၊ နေကြာဆီ၊ နှမ်းဆီတွေကိုပြသမှာဖြစ်ပါတယ်။

**မေး။ ပြည်သူတွေသိရှိစေဖို့ ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောကြားပေးပါ။**

**ဖြေ။** ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲဖြစ်တဲ့အတွက် လာရောက်ကြည့်ရှုသင့်တယ်။ တိုင်းရင်းသားရိုးရာအစားအစာဆိုင်တွေ၊ တိုင်းဒေသကြီး/ ပြည်နယ်တွေရဲ့ နာမည်ကြီးအစားအသောက်တွေ ရောင်းချပေးမှာဖြစ်သလို ဝန်ကြီးဌာနတွေရဲ့ ပြခန်းတွေ၊ တိုင်းဒေသကြီး/ပြည်နယ်ပြခန်းတွေမှာ တကယ်ကို စိတ်ဝင်စားမှုရရှိစေမှာဖြစ်တဲ့အတွက် လာရောက်ကြည့်ရှုသင့်ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာဆိုရင် ခေတ်မီမဲစနစ်ပုံစံနဲ့ ဆန်၊ ပဲ နဲ့ ဆီကို ပြပွဲကျင်းပမယ့် ဖေဖော်ဝါရီလ ၁၀ ရက်ကနေ ၁၄ ရက်အထိ နေ့စဉ်ဝေသွားမယ်ဆိုတာကို အသိပေးပြောကြားလိုပါတယ်။ ။

**တွေ့ဆုံမေးမြန်း–ဝင်းဝင်းမင်း**
**ဓာတ်ပုံ–ဖိုးပြည့်စုံ**

# မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သွားရောက်ကြည့်ရှု



**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းသားအရာရှိကြီးများအား မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့်လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့ညနေပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၌ ကျင်းပရာ စမ်းသပ်မဲပေးခြင်းဆောင်ရွက်နေမှုများကိုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုနှင့် ကော်မရှင်အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများက စမ်းသပ်မဲပေးခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက MEVM မဲပေးစက်အသုံးပြုဆောင်ရွက်ရခြင်း၏ အားသာချက်များ၊ အကျိုးကျေးဇူးများနှင့် မြန်မာပညာရှင်များတီထွင်ထုတ်လုပ်ထားသော MEVM စက်၏ အဆင့်မီဆောင်ရွက်နိုင်မှုများနှင့် ဆောင်ရွက်ရန်ရှိသည်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများ၊ သန္ဓေအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများတက်ရောက်ခဲ့ကြပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# “မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့” (Practice of Thanakha Culture in Myanmar) ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းရေးဆိုင်ရာအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်





**နေပြည်တော် ဖေဖော်ဝါရီ ၅**

“မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့” (Practice of Thanakha Culture in Myanmar) နှင့် ပတ်သက်၍ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းမည့်အချက်အလက်များနှင့် စပ်လျဉ်း၍ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပညာရှင်အဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးသည့်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ Virtual Online System ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဇော်အေးမောင်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်၊ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စိစစ်ရေးပညာရှင်အဖွဲ့ဥက္ကဋ္ဌဒေါက်တာတိုးလှ၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ရန်ကုန်၊ မန္တလေးတို့မှ တာဝန်ရှိသူများနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံမှ **“မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့”**(Practice of Thanakha Culture in Myanmar)ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းရာတွင် ဘက်စုံထောင့်စုံပြည့်ပြည့်စုံစုံဖြင့် ဟာကွက်မရှိအောင် ရေးသားပြုစုပြီး တင်သွင်းသွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ နှစ်သက်ခုံမင်စွာ ရှေးနှစ်ပေါင်းများစွာကတည်းက အစဉ်အဆက်သုံးစွဲလာခဲ့သည့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ၂၀၂၅ ခုနှစ်တွင် UNESCO တင်သွင်းမည်ဖြစ်ကြောင်း၊ မြန်မာတိုင်းရင်းသားများသာမက မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် အခြားလူမျိုးများပါ သနပ်ခါးကို နှစ်ခြိုက်စွာအသုံးပြုကြကြောင်း၊ နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းသည့်အနေဖြင့် နိုင်ငံတော်အစိုးရကလည်း နှစ်စဉ်တပို့တွဲလပြည့်နေ့ကို **“မြန်မာ့သနပ်ခါးနေ့”**အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ထို့ကြောင့်၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်မတိုင်မီ ယူနက်စကိုအဖွဲ့သို့ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းမည့် **“မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့”** (Practice of Thanakha Culture in Myanmar)ကိုလည်း မြန်မာ့ရိုးရာအတာသင်္ကြန်ကဲ့သို့ အောင်မြင်စွာတင်သွင်းနိုင်ရေး၊ လစ်ဟာမှုမရှိရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံက **“မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့”** (Practice of Thanakha Culture in Myanmar)ကို အောင်မြင်စွာ အသိအမှတ်ပြုတင်သွင်းနိုင်ရန် လိုအပ်သည့်အချက်အလက်များကို အကြံပြုပေးကြရန် အစည်းအဝေး ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီအတွင်းရေးမှူးနှင့် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ပညာရှင်အဖွဲ့အတွင်းရေးမှူးတို့က မြန်မာ့သနပ်ခါး၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းကို UNESCO သို့ တင်သွင်းရန် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပညာရှင်အဖွဲ့ဝင်များက မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့အား UNESCO ICH တင်သွင်းခြင်းနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက်အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတိုးလှနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်တို့က “မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့” (Practice of Thanakha Culture in Myanmar)နှင့်ပတ်သက်၍ သက်ဆိုင်သည့်အချက်အလက်များကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

(၅၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၈°င | / | ၃၁°င |
| ရန်ကုန် | ၁၈°င | / | ၃၂°င |
| မန္တလေး | ၁၈°င | / | ၃၄°င |

လျှပ်စစ် မီးကို ချွေတာ သုံးစွဲပါ

အဖိုးတန် ရေချိုကို ချွေတာ ကြပါစို့

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်သည်။

(မိုး/ဇလ)

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





တာဝန်ရှိသူများက မျက်စိခွဲစိတ်လူနာများအား မျက်မှန်များတပ်ဆင်ပေးစဉ်။





တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင် လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များက ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည်ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ချောင်းဝကျေးရွာရှိ ကျောင်းသစ်ကျောင်းတိုက်၌အခြေပြု၍ ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၂၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၃၄ ဦး၊ ခွဲစိတ်ရောဂါ ၅၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၆ ဦး၊ ကလေးရောဂါ ၅၉ ဦး၊ အရိုးရောဂါ ၉၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၉ ဦး၊ မျက်စိရောဂါ ၁၂၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၉၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက်အထွေထွေခွဲစိတ်လူနာ ၂ ဦး၊ ခတ်မှန်ရိုက်လူနာ ၁၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၆၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၈၀ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာ ၄ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-







"စက်ဆိပ်ကျေးရွာကပါ။ ယားနာနဲ့ နှလုံးရောဂါ လာပြတာပါ။ ဆရာဝန်တွေက ဆေးကိုပုံမှန်သောက်ဖို့ ဆေးတွေပေးလိုက်ပါတယ်။ ပြီးတော့ အရေပြားတွေလည်း တအားမကုတ်ဖို့ ပြောပါတယ်။ တအားကုတ်ရင် ပိုးတွေဝင်တတ်တယ်လို့ ပြောပါတယ်။ နှလုံးကျတော့ အခုနေကတော့ သိပ်ပြီးတော့ ဘာမှမဖြစ်သေးဘူးတဲ့။ နည်းနည်းပါးပါး တစ်ချက်၊ တစ်ချက် အောင့်တာပဲ ရှိပါတယ်။ အဆင်ပြေပါတယ်။ များသောအားဖြင့်က ဆေးခန်းကို တော်တန်ရုံမပြနိုင်ကြဘူး။ ပိုက်ဆံကသိပ်ပြီး မတတ်နိုင်ကြဘူး။ တချို့ကျတော့လည်း ပိုက်ဆံကတော့ရှိပေမယ့် တပ်မတော်က ထုတ်တဲ့ဆေးက အကောင်းစားတွေများတယ်ပေါ့။ အဲ့ဒါကြောင့် လာပြီးတော့ ဆေးလာကုသကြတာများပါတယ်။ နှလုံးသမားတွေဆိုလို့ရှိရင်လည်း ဆရာဝန်တွေက ECG စက်တွေရော ဘာတွေရော တစ်ခါတည်းဆိုတော့ ဒီမှာတစ်ခါတည်းပြပြီးတော့ ဆေးလည်း တစ်ခါတည်းရလို့ ငွေကုန်လည်း သက်သာတယ်။ လူလည်းပင်ပန်းတာ သက်သာတာပေါ့။ မြို့တွေကိုသွားစရာမလိုတော့ဘူးပေါ့။ ရောဂါဖြစ်ရင် ပုသိမ်သွားရတယ်။ ဟိုင်းကြီးသွားရတယ်။ အဲ့လိုမျိုးတွေ သွားရတာရှိတာပေါ့။ သွားရမယ်ဆိုလို့ရှိရင် ကျွန်မတို့က ဒီကနေ ရှပ်ပြေးနဲ့ မိုးမလင်းခင်စီးပြီး သွားရပါတယ်။ ပုသိမ်ရောက်ရင်လည်း ချက်ချင်းပြလို့မရဘူး။ နောက်တစ်နေ့မှ ပြရပါတယ်။ ခရီးကြန့်ကြာပြီး ငွေလည်းကုန်ပါတယ်။ အခုကျတော့ ငွေလည်းမကုန်တော့ဘူး။ အခုလိုလာရောက် ကုသပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲနှင့် ဆေးလာရောက်ကုသပေးတဲ့ ဆရာဝန်၊ ဆရာမများအား အထူးပဲကျေးဇူးတင်ရှိပါတယ်။ နောက်နှစ်တွေကိုလည်း လာရောက်ကုသပေးဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

"မျက်စိလာပြတာပါ။ မျက်စိကတိမ်သားတက်နေလို့ ခြစ်ရမယ်လို့ပြောပါတယ်။ ဆရာဝန်က သွေးသွားစစ်ခိုင်းတယ်။ သွေးစစ်ပြီးတော့မှ မျက်သားကိုခြစ်ပေးမယ်လို့ ပြောပါတယ်။ အခုလိုသွေးကိုဒီမှာတစ်ခါတည်းစစ်လိုက်တဲ့အခါကျတော့လည်း အဖြေတစ်ခါတည်း ထွက်တဲ့အခါကျတော့ မြို့ပေါ်ကို သွားစရာမလိုတော့ဘူးပေါ့။ မသွားရတဲ့အခါကျတော့ ဒီမှာတင်လုပ်ပေးတော့ ပိုပြီးတော့အဆင်ပြေတာပေါ့။ ဝမ်းသာတာပေါ့။ အခုလို မြန်မြန်ဆန်ဆန်လေးနဲ့ အားလုံးအဆင်ပြေအောင် လုပ်ပေးတဲ့အတွက် ကျွန်တော်တို့အတွက်လည်း ငွေကြေးကုန်ကျစရိတ် အများကြီး သက်သာပါတယ်။ လုပ်ငန်းတွေလည်း မပျက်ဘူးပေါ့။ အဲ့ဒါကြောင့် အရမ်းဝမ်းသာပီတိဖြစ်ရပါတယ်။ အခုလို ဆေးလာကုပေးတဲ့ တပ်မတော်သားအားလုံးကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။ အခုလိုမျိုးကောင်းမွန်ကျနစွာ အထူးတလည် လာရောက်ကုသပေးတဲ့အတွက်ကိုလည်း အရမ်းပဲကျေးဇူးတင်ရှိပါတယ်ခင်ဗျာ။ နောင်လည်း လာရောက်ကုသဖို့ ဖိတ်ခေါ်ပါတယ်။ နိုင်ငံ့တာဝန်ထမ်းဆောင်နေတဲ့ တပ်မတော်သားအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်ခင်ဗျာ"ဟု ပြောသည်။ (၁၀၀)

# စမတ်မီတာစနစ်ဆိုသည်မှာ

**မောင်မောင်စွယ်စုံထွန်း**

စမတ်မီတာစနစ်ဆိုသည်မှာ အလိုအလျောက်မီတာစနစ်ကိုခေါ်သည်။ မြန်မာနိုင်ငံတွင် AMI စနစ်(Advanced Metering Infrastructure)ကို လက်ရှိစမတ်မီတာစနစ်အဖြစ်အသုံးပြုလျက်ရှိသည်။ AMI စနစ်ဖြင့် မီတာအားလုံးလဲလှယ်တပ်ဆင်ထားပြီးသောမြို့တစ်မြို့အနေဖြင့် မီတာဖတ်လုပ်ငန်းအားလုံးကို ကွန်ပျူတာစနစ်ဖြင့်သာလုပ်ဆောင်နိုင်ပြီး သမားရိုးကျမီတာစနစ်နှင့် ကွဲပြားခြားနားသွားမည်ဖြစ်သည်။

စမတ်မီတာအမျိုးအစားများစွာရှိသည့်အနက် ငွေကြိုပေးမီတာနှင့် သုံးသလောက်ပေးမီတာဟူ၍ အဓိကအုပ်စုကြီးနှစ်ခုရှိသည်။


ငွေကြိုပေးမီတာသည် မီတာအတွင်းမှထိန်းချုပ်သောစနစ်ဖြစ်ပြီး ဗဟိုထိန်းချုပ်သည့်နေရာမှ အလွယ်တကူထောက်လှမ်းသိရှိနိုင်ခြင်း မရှိချေ။ ဖွံ့ဖြိုးပြီး နိုင်ငံအချို့တွင် လူကြိုက်များ၍သုံးစွဲကြသည်။ မြန်မာနိုင်ငံကဲ့သို့ လျှပ်စစ်မီးကို တရားမဝင်သွယ်တန်းသုံးစွဲမှုများရှိနေသောနိုင်ငံတစ်နိုင်ငံအနေဖြင့် ငွေကြိုပေးမီတာမှာအခြားသောအားသာချက်များရှိနေသော်လည်း လက်ရှိအချိန်တွင် သုံးစွဲရန်မသင့်လျော်သေးဘဲ သုံးသလောက်ပေးမီတာ (AMI စနစ်) ကိုသာသုံးသင့်သေးကြောင်း စာရေးသူအနေဖြင့် သုံးသပ်တွေ့ရှိရသည်။

မည်သည့်အတွက် AMI မီတာများသုံးသင့်ပါသလဲဟုဆိုပါက AMI မီတာများသည် ပြင်ပမှထိန်းချုပ်၍ရသောမီတာများဖြစ်ပြီး မသမာမှုများကိုလည်း ဗဟိုထိန်းချုပ်သည့်နေရာမှ အလွယ်တကူထောက်လှမ်းသိရှိနိုင်သောကြောင့်ဖြစ်သည်။ AMI စနစ်တွင် ဗဟိုထိန်းချုပ်သည့် နေရာမှ မီးသုံးသူ၏ လျှပ်စစ်မီးသုံးစွဲမှုအခြေအနေကိုအချိန်နှင့်တစ်ပြေးညီသိရှိနေပြီး မသမာမှုများပြုလုပ်ရန်ခက်ခဲသည့်အားသာချက်ရှိသည်။ ဓာတ်အားခပေးသွင်းမှုမရှိခြင်းကဲ့သို့သောကိစ္စရပ်များအတွက်လည်း ဗဟိုထိန်းချုပ်သည့်နေရာမှပင် အလွယ်တကူသိရှိ၍ မီးဖြတ်တောက်နိုင်သည်။ ထိုသို့သောအားသာချက်များကြောင့်သာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည်ငွေကြိုပေးအမျိုးအစားစမတ်မီတာများကို ရွေးချယ်ခြင်းမပြုဘဲ သုံးသလောက်ပေးအမျိုးအစားစမတ်မီတာ (AMI မီတာ) များကိုသာရွေးချယ်အသုံးပြုခဲ့ခြင်းဖြစ်ပြီး မြို့နယ်တစ်မြို့နယ်ချင်းအလိုက် လဲလှယ်ဆောင်ရွက်ပေးလျက်ရှိသည်။

ပထမဆုံးသော AMI စမတ်မီတာစနစ်ကို ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၌ (၁.၈.၂၀၁၇) ရက်တွင် စတင်ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မြို့နယ်လုံးကျွတ်မဆောင်ရွက်နိုင်ခဲ့ဘဲ (၁.၁၂.၂၀၁၈) ရက်တွင်မှ ပန်းဘဲတန်းမြို့နယ်၌ ပြီးပြည့်စုံသော AMI စနစ်တစ်ရပ်ကို မြို့နယ်လုံးကျွတ် ပထမဦးဆုံးဆောင်ရွက်ပြီးစီးခဲ့သည်။ ယခုအခါ ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် မြို့နယ်ပေါင်း ၅၈ မြို့နယ်ရှိသည့်အနက် AMI စနစ်အပြည့်အဝဆောင်ရွက်ပြီးသည့် မြို့နယ်ပေါင်း ၂၀ ရှိပြီဖြစ်သည်။ AMI စနစ်အပြည့်အဝမဆောင်ရွက်နိုင်သေးသော်လည်း အလိုအလျောက်ငွေတောင်းခံစနစ်ဆောင်ရွက်ပြီး မြို့နယ် ၃၆ မြို့နယ်အထိရှိလာပြီဖြစ်သည်။ ယခုအခါ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ ရန်ကုန်မြို့တွင် AMI စနစ်ကိုရာနှုန်းပြည့်ပြောင်းလဲတပ်ဆင်နိုင်ရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်မြို့ကြီးများတွင်လည်း ထိုစနစ်ကိုပြောင်းလဲတပ်ဆင်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ခြင်းအားဖြင့် ဓာတ်အားပျောက်ဆုံးမှုများကို အတတ်နိုင်ဆုံးလျှော့ချသွားနိုင်ရေးလုပ်ဆောင်လျက်ရှိသည်။

AMI စနစ်ဖြင့် ဆောင်ရွက်ပြီးမြို့နယ်များတွင် မိုဘိုင်းဖုန်းဖြင့်အသုံးပြုရသော Mebill အပလီကေးရှင်းဖြင့် ဘားကုတ်မှတစ်ဆင့်မိမိတို့အသုံးပြုနေသောမည်သည့်ဘဏ်နှင့်မဆိုအွန်လိုင်းမှ ငွေပေးဆောင်ရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အပြည့်အဝဆောင်ရွက်နိုင်မည်ဆိုပါကဌာနအနေဖြင့် မီတာစာရွက်ဝေရန်ပင်မလိုအပ်တော့ဘဲ ပြည်သူများအနေဖြင့် မိုဘိုင်းဖုန်းမှပင် မိမိတို့ကျသင့်သော ဓာတ်အားခကိုသိရှိနိုင်ပြီး အွန်လိုင်းမှ တိုက်ရိုက်ပေးချေသွားနိုင်မည်ဖြစ်ရာဝန်ထမ်းအင်အားကို များစွာလျှော့ချနိုင်မည်ဖြစ်သည်။


AMI မီတာစနစ်ဆိုသည်မှာ စမတ်မီတာစနစ်ဖြစ်၍ နည်းပညာကိုသာအခြေပြုဆောင်ရွက်ပြီး မီတာဖတ်ရာတွင် လျှပ်စစ်ပုံစံများပြုစုခြင်းနှင့် ဓာတ်အားခငွေကောက်ခံခြင်းလုပ်ငန်းစဉ်များ အားလုံးသည် အလိုအလျောက်စနစ်ဖြစ်သောကြောင့် မှားယွင်းမှုမရှိသလောက်နည်းပါးသည်။ အချိန်နှင့်တစ်ပြေးညီ အလွယ်တကူဆောင်ရွက်နိုင်ပြီး ပြည်သူသို့ဝန်ဆောင်မှုပေးရာတွင် ထိရောက်ကောင်းမွန်သောစနစ်တစ်ခုဖြစ်ကြောင်းတွေ့ရှိရသည်။




❑ Ever AMI စနစ်သည် စီမံခန့်ခွဲမှုကွန်ရက်ဖြစ်၍ မီတာများကိုသာမက အနာဂတ်ကာလတွင် ရေမီတာ၊ ဂက်စ်မီတာ စသည်များကိုလည်း အဆိုပါကွန်ရက်တွင် ပေါင်းစပ်အသုံးပြုနိုင်ပါသည်။ 7

AMI မီတာစနစ်တွင် ဆင်းကတ်ထည့်သွင်းအသုံးပြုရသော Data Concentrator Unit ခေါ် DCU ပုံးများပါရှိပြီး အင်တာနက်လိုင်းကိုအသုံးပြု၍ မီတာ ၁၀၀ ခန့် အကွာအဝေးအတွင်းရှိ မီတာအားလုံး၏ အချက်အလက်များကို အလိုအလျောက်ချိတ်ဆက်ဆောင်ရွက်နိုင်သည်။ လှိုင်းနှုန်းဖြတ်စက်များနှင့် နီးကပ်ခြင်းနှင့် အခြားအင်တာနက်လိုင်းအနှောင့်အယှက်များရှိလျှင်သာ အလိုအလျောက်ဖတ်ရှုရန် အခက်အခဲအနည်းငယ်ရှိသော်လည်း အဆိုပါမီတာအနီးမှ ဖတ်စက်ဖြင့်သွားရောက်ဖတ်ရှုနိုင်ပြီး လူမနေအိမ်ပိတ်ထားသောအိမ်မျိုးများတွင် မီတာကိုအလွယ်တကူဖတ်ရှုနိုင်သည့် အားသာချက်ရှိသည်။ မီးသုံးသူများက တရားမဝင်ဆောင်ရွက်မှုတစ်ခုခုပြုလုပ်လျှင်လည်း ဗဟိုထိန်းချုပ်သည့်နေရာက ချက်ချင်းအလွယ်တကူသိရှိနိုင်၍ချက်ချင်းအရေးယူဆောင်ရွက်နိုင်သည်။

AMI မီတာစနစ်သည် e-Government ဖော်ဆောင်မှုကို များစွာအထောက်အကူပြုစေပြီး ပြည်တွင်းရှိ မည်သည့်ဘဏ်နှင့်မဆိုချိတ်ဆက်၍ အွန်လိုင်းငွေပေးချေမှုစနစ်ဖြင့် ဓာတ်အားခပေးဆောင်နိုင်မည်ဖြစ်သောကြောင့် ဒစ်ဂျစ်တယ်ငွေကြေးစနစ်ကို များစွာအကျိုးဖြစ်ထွန်းလာစေမည်။ အဲဗားဒစ်ဂျစ်တယ်မီတာများကိုစတင်ထုတ်လုပ်သည့် ၂၀၁၂ ခုနှစ်မှစ၍ ယနေ့အထိ နည်းပညာမြင့်မားစွာအသုံးပြုနိုင်ရေး တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သောအဲဗားမီတာကုမ္ပဏီသည် AMI မီတာများကို ကိုယ်ပိုင်ရေးဆွဲထားသော ဆော့ဝဲများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်လျှပ်စစ်မီးသုံးသူများ၏အချက်အလက်များသည် ပြည်ပနိုင်ငံများသို့ သတင်းပေါက်ကြားခြင်းမျိုးမှလည်း ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ပြည်တွင်းကုမ္ပဏီဖြစ်၍ ထုတ်လုပ်မှုစရိတ်လည်းများစွာလျှော့နည်းလာစေမည်ဖြစ်သည်။ ထို့ပြင် ဝန်အားကိုစောင့်ကြည့်မှုပြုလုပ်နိုင်၍ ဓာတ်အားလိုင်းနှင့်ထရန်စဖော်မာများကို အချိန်မီပြုပြင်ရန်နှင့် တိုးချဲ့ဆောင်ရွက်ရန်လုပ်ငန်းများကိုကြိုတင်ပြင်ဆင်နိုင်ပြီး ပျက်စီးဆုံးရှုံးမှုများမှ ကြိုတင်ကာကွယ်ပေးနိုင်သည်။




ဘဏ္ဍာရေးဆိုင်ရာ ပုံစံနှင့်အချက်အလက်များကိုဆာဗာတွင်သိမ်းဆည်းထားနိုင်၍ အချိန်နှင့်တစ်ပြေးညီ စစ်ဆေးကြည့်ရှုနိုင်ခြင်းနှင့် စာရွက်စာတမ်းစစ်ဆေးရန်လိုအပ်ပါက လျင်မြန်စွာ ပရင့်ထုတ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။ ယခုအခါ (MEB) (Myanmar Electric Bill) ဆော့ဝဲကိုအခြေခံ၍ မိုဘိုင်းဖုန်းဖြင့်အသုံးပြုနိုင်သော Mebill အပလီကေးရှင်းကို တီထွင်ဆောင်ရွက်လျက်ရှိရာ အပြည့်အဝဆောင်ရွက်ပြီးစီးလာမည်ဆိုပါက ကျသင့်ငွေကိုအွန်လိုင်းမှ တိုက်ရိုက်ပေးဆောင်လာနိုင်တော့မည်ဖြစ်သည်။

အချုပ်အားဖြင့် ဆိုရပါလျှင် Mebill အပလီကေးရှင်းသာ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့ပါက AMI စနစ်အသုံးပြုနိုင်သောမြို့နယ်များတွင် ပြည်သူများသည် မိမိတို့သုံးစွဲသောဓာတ်အားယူနစ်ပမာဏကို လက်ကိုင်ဖုန်းမှတစ်ဆင့် အချိန်မရွေးကြည့်ရှုစစ်ဆေးသွားနိုင်တော့မည်ဖြစ်၍ သုံးစွဲယူနစ်များအတွက် စိတ်ကျေနပ်မှုကိုရရှိစေမည်ဖြစ်သည့်အပြင် မိမိ၏ဝင်ငွေကို ချင့်ချိန်၍ ဓာတ်အားကိုလည်းချွေတာသုံးစွဲနိုင်လာမည်ဖြစ်သည်။ ဌာနနှင့် လျှပ်စစ်မီးသုံးသူပြည်သူများအတွက် နှစ်ဦးနှစ်ဖက်ပွင့်လင်းမြင်သာမှုကိုရရှိစေမည်။ ပြည်တွင်းရှိမည်သည့်ဘဏ်နှင့်မဆို အွန်လိုင်းဖြင့်ချိတ်ဆက်၍ မိုဘိုင်းဖုန်းမှတစ်ဆင့် လွယ်ကူစွာဓာတ်အားခများပေးဆောင်လာနိုင်တော့မည်ဖြစ်၍ လုံခြုံဘေးကင်းပြီး စိတ်ချရမှုလည်းရရှိလာစေသည်။ လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ မီးဖြတ်ခြင်း၊ မီးဆက်ခြင်းပြုလုပ်နိုင်ပြီး ပြည်သူများအတွက် စိတ်ချမ်းမြေ့ကျေနပ်ဖွယ်ရာဝန်ဆောင်မှုများကို အပြည့်အဝရရှိခံစားလာစေနိုင်တော့မည်ဖြစ်ကြောင်း AMI ဟုခေါ်သော စမတ်မီတာများနှင့်ပတ်သက်၍ စာရေးသူ၏အမြင်ကို ဗဟုသုတဖြစ်စေရန်အလို့ငှာ တစေ့တစောင်းရေးသားတင်ပြလိုက်ရပါသည်။ ။

# အားကစားနည်းအလိုက် အားကစားအဖွဲ့များ၏လေ့ကျင့်နေမှု ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် လိုက်လံကြည့်ရှုစစ်ဆေး



နေပြည်တော် ဖေဖော်ဝါရီ ၅

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော်၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp) နှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (Youth Camp)တို့မှအားကစားနည်းအလိုက် အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း အားကစားနည်းများအလိုက် သက်ဆိုင်ရာ အားကစားကွင်း/အားကစားရုံများတွင် လေ့ကျင့်လျက်ရှိသည့် ပြေးခုန်ပစ်၊ အလေးမ၊ ဝူရှူး၊ လက်ဝှေ့၊ ဘိလိယက်၊ ပိုက်ကျော်ခြင်း၊ မြားပစ်အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများကိုလည်းကောင်း၊ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၊ Cluster-3 ရှိ ဂျူဒိုအားကစားလေ့ကျင့်ရေးခန်းမ၌ ဂျူဒိုအားကစားသမားများ၏ခန္ဓာကိုယ်ကြံ့ခိုင်မှုအတွက် လေ့ကျင့်နေမှုကိုလည်းကောင်း၊ Gym & Fitness Center တွင် ဘော်လီဘောအားကစားသမားများ၏လေ့ကျင့်နေမှုများနှင့် Gym လေ့ကျင့်ရေးစက်ပစ္စည်းများ ပြင်ဆင်ထားရှိမှုကိုလည်းကောင်း၊ ပီတန်းအားကစားလေ့ကျင့်ရေးကွင်း၌ ပီတန်းအားကစားသမားများ၏ လေ့ကျင့်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ယခင်အောင်မြင်မှုရရှိခဲ့သည့်အားကစားသမားများ၏ ကြိုးစားလေ့ကျင့်ခဲ့မှုနှင့် ဆုတံဆိပ်ရရှိခဲ့မှုများအတိုင်း မိမိတို့၏ အားကစားသမားများကို အလားတူအောင်မြင်မှုများရရှိအောင် စနစ်တကျလေ့ကျင့်သင်ကြားပေးသွားရန်လိုကြောင်း၊ လိုအပ်သည့်ကယ်လိုရီပမာဏနှင့်အာဟာရပြည့်ဝစွာ ကျွေးမွေးနိုင်စေရေးအတွက် အားကစားနည်းအလိုက်၊ ကိုယ်အလေးချိန်အလိုက်၊ (ကျား၊ မ)အလိုက် တွက်ချက်၍ ပြန်လည်တင်ပြပေးသွားရန်လိုကြောင်း တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Cluster-9 ရှိ စားရိပ်သာတွင် အားကစားသမားများအတွက် ချက်ပြုတ်ပြင်ဆင်နေမှုများ၊ အသီးအရွက်များသိုလှောင်ထားရှိသည့်နေရာနှင့် အားကစားသမားများ၏ နေ့လယ်စာစားသောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားသမားများနှင့်အတူ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။ (မြဝတီ)

# ပြည်ပဘိလပ်မြေများ တင်သွင်းရောက်ရှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၅

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေးအတွက်ဘိလပ်မြေလိုအပ်ချက်များအား ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ ထုတ်လုပ်မှုများအပြင် ပြည်ပမှဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

# ပြည်ထောင်စုနယ်မြေ နေပြည်တော်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်



နေပြည်တော် ဖေဖော်ဝါရီ ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ(၁)၌ကျင်းပရာ နေပြည်တော် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အမှာစကားပြောကြားရာတွင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရာတွင် လူဦးရေစာရင်းဇယားများတိကျမှန်ကန်မှုရှိစေရေး၊ အိမ်ထောင်စုလူဦးရေစာရင်းရှိ/မရှိ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရှိ/မရှိ စာရင်းပြုစု၍ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အခြားဒေသမှ ယာယီရွှေ့ပြောင်းနေထိုင်မှုများ၏ စာရင်းအချက်အလက်များ တိကျမှန်ကန်စွာရရှိရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ဖြည့်စွက်ဆွေးနွေးတင်ပြသည်။


ထို့နောက် နေပြည်တော် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(မြဝတီ)

# အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Arnaud de Baecque အား ဒုတိယဝန်ကြီး ဦးစိုးကြည် လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Arnaud de Baecque အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာနဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။



တွေ့ဆုံရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ICRC တို့အကြား မိုင်းအန္တရာယ်ဂရုပြုရေးနှင့် ဘေးကင်းရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်ရေး၊ ယင်းလုပ်ငန်းနယ်ပယ်ရှိ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ပေးရေး၊ ပဋိပက္ခကြောင့် ထိခိုက်ခံစားရသူများအား အကူအညီပေးနိုင်ရေးကိစ္စများ၊ မိုင်းဒဏ်သင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များကို နှစ်ဦးနှစ်ဖက်ပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်ဆိုင်ရာအရာထမ်းများနှင့် ICRC ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

**➲ ကျောဖုံးမှအဆက်**

ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ ရာသီဝက်ချန်ပီယံဖြစ်ရန် အပြိုင်ဖြစ်နေသည့်အသင်းများအနက် ထိပ်ဆုံးမှ TG United အသင်းသာ နိုင်ပွဲရပြီး 7 Dragon အသင်းနှင့် JZ Yangon အသင်းတို့ ရှုံးပွဲကြုံတွေ့ခဲ့သဖြင့် ပထမအကျော့ နောက်ဆုံးပွဲမတိုင်မီ ရာသီဝက်ချန်ပီယံအသင်း အဖြေထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဇယားအောက်ဆုံးမှ 7 Brother အသင်းမှာလည်း ဒုတိယမြောက်နိုင်ပွဲရရှိခဲ့သည်။

ပွဲစဉ်(၁၀)အပြီးတွင် TG United အသင်းက ၂၄ မှတ်၊ Black Cross အသင်း၊ Pacific Sun Far အသင်းနှင့် 7 Dragon အသင်းတို့က ရမှတ် ၂၀ စီ၊ JZ Yangon အသင်းက ၁၉ မှတ်၊ Gold Dream အသင်းက ၁၈ မှတ်၊ YCDC Marga Youth အသင်းက ၁၂ မှတ်၊ KKY အသင်းက ၁၁ မှတ်၊ လက်ဝဲသုန္ဒရအသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့က ခုနစ်မှတ်စီ၊ Maryar အသင်းနှင့် 7 Brother အသင်းက ခြောက်မှတ်စီ ရရှိထားကြောင်း သိရသည်။

**သတင်း-ရဲရင့်လွင်**
**ဓာတ်ပုံ-MFF**

## ထူးခြားသည့်ညအပူချိန်များ

၅-၂-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟားခါး | ၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၃ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ရှမ်းပြည်နယ်(တောင်ပိုင်း) | | | | |
| တီးတိန် | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၅ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြစ်ကြီးနား | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လမ်း၊ တံတားတည်ဆောက်ရေးနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဖေဖော်ဝါရီ ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လမ်း၊ တံတားများ အဆင့်မြှင့်တင်တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၄၅/၇)ရှိ နဝင်းချောင်းတံတား(အဆုံ) လုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက နဝင်းချောင်းတံတား(အဆုံ) တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ တံတားအသစ်ပေါ်မှ ယာဉ်များယာယီဖြတ်သန်းခွင့်ပြု၍ တံတားဟောင်းနှင့် ချဉ်းကပ်လမ်းအဆင့်မြှင့်တင်ခြင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရေတိုက်စားပျက်စီးသွားသည့် တံတားဟောင်းကြံ့ခိုင်မှုရှိစေရန်နှင့် ထပ်မံရေတိုက်စားမှုမရှိစေရေး ပြန်လည်ပြုပြင်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျတွက်ချက်ဆောင်ရွက်ရန်၊ ရေလမ်းကြောင်းထိန်းသိမ်းခြင်း ဆောင်ရွက်နေသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်တို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာလုပ်ငန်းလိုအပ်ချက်များကိုမှာကြားသည်။

နဝင်းချောင်းတံတား (အဆုံ) သည် အရှည်ပေ ၁၉၀ ရှိပြီး မူလနှစ်လမ်းသွားမှ လေးလမ်းသွားတံတားအဖြစ် တိုးချဲ့တည်ဆောက်ထားပြီး တံတားဟောင်းကိုလည်း ကြံ့ခိုင်မှုရှိစေရန်နှင့် ထပ်မံရေတိုက်စားမှု မရှိစေရေးကြိုတင်ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပါက အသွား၊ အပြန် လေးလမ်းသွားတံတားအဖြစ် ခရီးသည် ယာဉ်များနှင့် ကုန်တင်ယာဉ်ကြီးများ ပိုမိုလွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကင်းသာလမ်းဆုံသို့ရောက်ရှိပြီး ရေတိုက်စား၍ပျက်စီးခဲ့သည့် လမ်းအပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ လမ်းပခုံးများနှင့်မြေထိန်းနံရံအနိမ့် (Toe Wall)များ ဆောင်ရွက်ပြီးစီးမှု၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေထုတ်မြောင်းများနှင့် ရေပြွန်များဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ ဆင်သေချောင်းတံတား (သိုက်ချောင်း) တံတားရေလယ်တိုင်နိမ့်ကျမှုအပိုင်းကို ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း ယခင်လေးလမ်းသွားအဆင့်မှ ခြောက်လမ်းသွားအဆင့်လမ်းတာပေါင်တိုးချဲ့ခြင်းဆောင်ရွက်ပြီးစီးမှု၊ လမ်းဘေးဝဲ၊ ယာတွင် စိုက်ပျိုးထားသည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းနေမှုနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားသည့် အခြေအနေတို့ကိုလည်းကောင်း၊ မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-ညောင်ပင်သာလမ်းပေါ်ရှိ ရေတိုက်စားပျက်စီးသွားသည့် ပေါင်းလောင်းတံတား(အဝေရာ)၏ချဉ်းကပ်လမ်းများပြုပြင်ပြီးစီးမှုနှင့် တံတားကြံ့ခိုင်ရေးထိန်းသိမ်းဆောင်ရွက်သည့် အခြေအနေတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၅ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Junior အဆင့်နှင့် ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှကြီးမှူး၍ Burmese Golf (BG) မှ အဓိကကူညီပံ့ပိုးသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Junior အဆင့်နှင့် ဝါသနာရှင်အဆင့် အမျိုးသမီး(Amateur) ပြိုင်ပွဲများ၏ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဥက္ကလာဂေါက်ကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်၊ Junior Golf Myanmar (JGM)၊ ဥက္ကလာဂေါက်ကွင်းမှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM)ဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်ကိုကိုချစ်နှင့် ဦးမြင့်သောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်နှင့် Junior Golf Myanmar (JGM) ဒုတိယဥက္ကဋ္ဌ ဦးအောင်ကိုဇော်၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးတင်မောင်မောင်ဝင်း၊ Junior Golf Myanmar (JGM) အတွင်းရေးမှူး ဦးကျော်မင်းမင်းလတ်တို့က အလှည့်ကျဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲကို မျိုးဆက်သစ်ဂေါက်သီးအားကစားသမားများ၏ လက်ရည်အဆင့်အတန်းတိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲကို ရန်ကုန်မြို့ ဥက္ကလာဂေါက်ကွင်း၌ ဖေဖော်ဝါရီလ ၅ ရက်မှ ၇ ရက်အထိ သုံးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး Tour Pro နှင့် Senior Pro အဆင့် ပြိုင်ပွဲများကို ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၀ ရက်အထိ မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)၌ လည်းကောင်း၊ ဝါသနာရှင်အဆင့်၊ သက်ကြီးတန်း ဝါသနာရှင်အဆင့်ပြိုင်ပွဲများကို ဖေဖော်ဝါရီလ ၂၄ ရက်မှ ၂၇ ရက်အထိ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

(၅၀၀)

## အသိပေးနှိုးဆော်ချက်

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားကို ၁၀.၂.၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၁၂.၂.၂၀၂၅ ရက်နေ့တွင် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားအား ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက် မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၅

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့် ရှိနိုင်သည်။

(မိုး/ဇလ)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm



အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များက ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ပြည်နယ်ပြခန်းများခင်းကျင်းပြသရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးစဉ်။

**❖ မိမိတို့ MSME ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်၌သာမက ပြည်ပသို့လည်း တင်ပို့နိုင်ရမည်ဖြစ်ပြီး ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဈေးကွက်လိုအပ်ချက်များ၊ စာရွက်စာတမ်းဆိုင်ရာ လိုအပ်ချက်များ၊ နည်းစနစ်ဆိုင်ရာ လိုအပ်ချက်များကို လုပ်ငန်းရှင်များအနေဖြင့် သိရှိနားလည်မှသာ လုပ်ငန်းများပိုမိုအဆင်ပြေနိုင်မည်ဖြစ် . . .**

**❖ MSME လုပ်ငန်းရှင်များ၏အဓိကတင်ပြချက်ဖြစ်သည့် လျှပ်စစ်ရရှိရေးကိစ္စနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံးအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ မဂ္ဂါဝပ် ၆၃၀၀ ကျော်ရှိ၊ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်နေမှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထုတ်လုပ်နိုင်မှုရပ်ဆိုင်းနေသည့် စက်ရုံများရှိ၊ လျှပ်စစ်ဝန်ကြီးဌာနမှ ထုတ်လုပ်နိုင်သည့် ပမာဏပေါ်မူတည်၍ အလှည့်ကျရရှိရေးအတွက် အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ . . .**

☆ ရှေ့ဖုံးမှအဆက်

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရန် ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်များအသီးသီးချမှတ်ထားပြီး ဖြစ်ကြောင်း၊ MSME လုပ်ငန်းကော်မတီ စတင်ဖွဲ့စည်းသည့်အချိန်မှ ယခုချိန်အထိ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များ၊ နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးသည့် ခရီးစဉ်များတွင် တွေ့ရသည့် အတွေ့အကြုံများအရ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအဆင့် လုပ်ငန်းချိတ်ဆက်နိုင်မှု၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအချင်းချင်း၊ လုပ်ငန်းရှင်များအချင်းချင်း လုပ်ငန်းများ ချိတ်ဆက်နိုင်မှု၊ အတွေ့အကြုံဖလှယ်နိုင်မှုများတွင် လိုအပ်ချက်များရှိနေသည်ကို တွေ့ရကြောင်း၊ ထို့ပြင် မိမိလုပ်ငန်းများအလိုက် သီးခြားစီလုပ်ဆောင်နေကြခြင်းဖြစ်သည့်အတွက် အချင်းချင်းညှိနှိုင်းပေါင်းစပ်ခြင်းနှင့် လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများတွင်လည်း အားနည်းနေသည်ကိုတွေ့ရကြောင်း၊ နည်းပညာ၊ အထောက်အကူပစ္စည်းအပါအဝင် MSME နှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် လုပ်ဆောင်ပေးနိုင်သည်များကို webportal များ၌ တင်ပေးထားသော်လည်း လုပ်ငန်းရှင်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်လိုအပ်ချက်များရှိနေသည်ကိုလည်း တွေ့ရကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တပေါင်းတစည်း MSME ထုတ်ကုန်ပြပွဲများကျင်းပလျက်ရှိသော်လည်း ပြည်ထောင်စုအဆင့်တွင် မိမိတို့ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ယခုကဲ့သို့ ပြပွဲ၊ ပြိုင်ပွဲကျင်းပပြုလုပ်ပေးနေခြင်းအားဖြင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းကွာခြားချက်၊ ဈေးနှုန်းနှင့် အရည်အသွေး၊ ထုပ်ပိုးမှုပုံစံ၊ နည်းပညာ၊ ပြည်ပတင်ပို့နိုင်မှုအခြေအနေတို့ကိုနှိုင်းယှဉ်နိုင်ပြီး လိုအပ်ချက်များ ပြုပြင်နိုင်ရေး ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ကြောင်း၊ မည်သည့်လုပ်ငန်းပင်ဖြစ်စေ ယှဉ်ပြိုင်မှုရှိမှသာလျှင် တိုးတက်မှုရှိမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် မိမိတို့ထုတ်ကုန်များအနေဖြင့် ထုတ်ကုန်အမျိုးအစားချင်း တူသော်လည်း အရည်အသွေး၊ အရသာ၊ ထုပ်ပိုးမှုပုံစံနှိုင်းယှဉ်နိုင်မည်ဖြစ်ကာ ပြုပြင်စရာများကို ပြုပြင်နိုင်ရန်နှင့် တစ်နေရာတည်းတွင် နေရာအစုံမှပစ္စည်းအမျိုးအစားမျိုးစုံကို နှိုင်းယှဉ်နိုင်ခြင်း၊ လုပ်ငန်းရှင်များအချင်းချင်း အတွေ့အကြုံများကို မျှဝေနိုင်ခြင်း စသည့်ကောင်းမွန်သည့်အချက်အလက်များကို ချက်ချင်းရရှိနိုင်မည်ဖြစ်ကြောင်း။

မိမိတို့ MSME ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်၌သာမက ပြည်ပသို့လည်း တင်ပို့နိုင်ရမည်ဖြစ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် ဈေးကွက်လိုအပ်ချက်များ၊ စာရွက်စာတမ်းဆိုင်ရာ လိုအပ်ချက်များ၊ နည်းစနစ်ဆိုင်ရာလိုအပ်ချက်များကိုလုပ်ငန်းရှင်များအနေဖြင့် သိရှိနားလည်မှသာ လုပ်ငန်းများ ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန် ပြပွဲနှင့်ပြိုင်ပွဲများ ပြုလုပ်ခြင်းမှ ပြည်နယ်နှင့်တိုင်းဒေသကြီး ထုတ်ကုန်များအနေဖြင့် သွင်းကုန်အစားထိုး ပြည်တွင်းဈေးကွက်အတွင်း ပြည်သူများသုံးစွဲနိုင်မည်ဖြစ်ပြီး ပြည်ပသို့တင်ပို့နိုင်ရန်အတွက် လိုအပ်သည့်နည်းစနစ်ပိုင်းနှင့်အချက်အလက်များ၊ အထောက်အထားပိုင်းများကို ဝန်ကြီးဌာနများနှင့် မည်သို့ချိတ်ဆက်၍ဆောင်ရွက်ပေးနိုင်မည်ကို လုပ်ငန်းရှင်များအားလုံး သိရှိနိုင်ရန်ဖြစ်ကြောင်း ပြောကြားသည်။



အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များက ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ပြည်နယ်ပြခန်းများခင်းကျင်းပြသရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးစဉ်။

**❖ နည်းပညာ၊ အထောက်အကူပစ္စည်းအပါအဝင် MSME နှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လုပ်ဆောင်ပေးနိုင်သည်များကို webportal များ၌ တင်ပေးထားသော်လည်း လုပ်ငန်းရှင်များအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် လိုအပ်ချက်များရှိနေသည်ကိုလည်းတွေ့ရ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် တပေါင်းတစည်း MSME ထုတ်ကုန်ပြပွဲများကျင်းပလျက်ရှိသော်လည်း ပြည်ထောင်စုအဆင့်တွင် မိမိတို့ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ယခုကဲ့သို့ ပြပွဲ၊ ပြိုင်ပွဲကျင်းပပြုလုပ်ပေးနေခြင်းအားဖြင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းကွာခြားချက်၊ ဈေးနှုန်းနှင့် အရည်အသွေး၊ ထုပ်ပိုးမှုပုံစံ၊ နည်းပညာ၊ ပြည်ပတင်ပို့နိုင်မှုအခြေအနေတို့ကိုနှိုင်းယှဉ်နိုင်ပြီး လိုအပ်ချက်များပြုပြင်နိုင်ရေး ရည်ရွယ်ကျင်းပပေးခြင်းဖြစ်၊ မည်သည့်လုပ်ငန်းပင်ဖြစ်စေ ယှဉ်ပြိုင်မှုရှိမှသာလျှင် တိုးတက်မှုရှိမည်ဖြစ် . . .**



အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များက ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ပြည်နယ်ပြခန်းများ ခင်းကျင်းပြသရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးစဉ်။

**❖ MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်မှုဇုန်များ၏ မြေလွတ်နေရာများနှင့် အခြားမြေလွတ်မြေရိုင်းနေရာများတွင် ဆိုလာစနစ်ဖြင့် တစ်ပိုင်တစ်နိုင်လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်စေလို၊ နိုင်ငံတော်အနေဖြင့် အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း သဘာဝဓာတ်ငွေ့၊ ဆိုလာလျှပ်စစ်အင်ဂျင်ပေါင်းစပ်သည့် Hybrid ဓာတ်အားမဂ္ဂါဝပ်ပေါင်း ၁၀၀၀ ကျော်ထုတ်လုပ်နိုင်ရေးအတွက် စီမံကိန်းများဆောင်ရွက်လျက်ရှိ . . .**

**❖ MSME လုပ်ငန်းရှင်များအနေဖြင့် ဒေသတစ်ခု ထုတ်ကုန်တစ်ခု ထုတ်လုပ်ပြီး ပြည်တွင်းသုံးစွဲရုံသာမက ပြည်ပသို့တင်ပို့နိုင်သည်အထိ ဆောင်ရွက်သွားကြရမည်ဖြစ် . . .**

ဆက်လက်ပြောကြားရာတွင် ဝန်ကြီးဌာနများအနေဖြင့် ယခင် MSME ပြပွဲများကဲ့သို့ မိမိထုတ်ကုန်ပစ္စည်းများကို ခင်းကျင်းပြသခြင်းမျိုးမဟုတ်ဘဲ မိမိဝန်ကြီးဌာနက MSME လုပ်ငန်းနှင့်ပတ်သက်၍ ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းစဉ်များ၊ သတင်းအချက်အလက်၊ နည်းပညာများကိုလုပ်ငန်းရှင်များ သိရှိချိတ်ဆက်ဆောင်ရွက်နိုင်ရန် ယခုအစည်းအဝေးသို့ တက်ရောက်လာကြသည့် အေဂျင်စီဥက္ကဋ္ဌများက လုပ်ငန်းရှင်များကို ကြိုတင်အသိပေးထားစေလိုကြောင်း၊ ပြပွဲနှင့် ပြိုင်ပွဲတွင် စီးပွားရေးကို ဦးဆောင်ဦးရွက်ပြုနေသည့်အရပ်ဘက်စီးပွားရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၏ ငွေကြေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ဘဏ်များနှင့်လည်း ချိတ်ဆက်နိုင်ရန် ဆောင်ရွက်ပေးထားကြောင်း၊ အဆိုပါအချက်အလက်များသည် နိုင်ငံတော်အကြီးအကဲ၏ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲအပါအဝင် တာဝန်ရှိသူများ သွားရောက်သည့် MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲများတွင် တင်ပြချက်များအနက် အဓိကအချက်မှာ ငွေကြေးအရင်းအနှီး၊ မြေနေရာနှင့်လျှပ်စစ်ဓာတ်အားရရှိရေးဖြစ်ကြောင်း၊ အရင်းအနှီးနှင့်စပ်လျဉ်း၍ MSME လုပ်ငန်းကော်မတီတွင် လုပ်ငန်းရှင်များချေးငွေရရှိရေးအတွက် အတတ်နိုင်ဆုံး ဖြေလျှော့မှုများဆောင်ရွက်ပေးထားကြောင်း၊ မြေနေရာရရှိရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက ရသင့်ရထိုက်သည်များကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MSME လုပ်ငန်းရှင်များ၏ အဓိကတင်ပြချက်ဖြစ်သည့် လျှပ်စစ်ရရှိရေးကိစ္စနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံးအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ မဂ္ဂါဝပ် ၆၃၀၀ ကျော်ရှိကြောင်း၊ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်နေမှုများနှင့်အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထုတ်လုပ်နိုင်မှုရပ်ဆိုင်းနေသည့် စက်ရုံများရှိကြောင်း၊ လျှပ်စစ်ဝန်ကြီးဌာနမှ ထုတ်လုပ်နိုင်သည့် ပမာဏပေါ်မူတည်၍ အလုံအလောက် ... အလှည့်ကျရရှိရေးအတွက် အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါလျှပ်စစ်ဓာတ်အားရရှိရေးကျော်လွှားနိုင်မည့် မိမိတို့စက်ရုံ၊ အလုပ်ရုံများကို အသိပညာပေးလိုသည်မှာ လက်ရှိ သီလဝါစက်မှုဇုန်၌ ကုမ္ပဏီ ၆ ခုမှ ဆိုလာစနစ်ဖြင့် ဓာတ်အားထုတ်လုပ်မှု ၄ ဒသမ ၉ မဂ္ဂါဝပ်ကျော်ထုတ်လုပ်သုံးစွဲလျက်ရှိကြောင်း၊ ထိုသို့ထုတ်လုပ်နိုင်မှုကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုတွင်ကျယ်လာကြောင်း၊ အဆိုပါဆောင်ရွက်မှုကို နမူနာယူပြီး အခြားကုမ္ပဏီများမှ လျှပ်စစ်ဓာတ်အား ၈ မဂ္ဂါဝပ်ကျော် ထုတ်လုပ်သုံးစွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် တစ်ပိုင်တစ်နိုင် မိမိလုပ်ငန်းအတွက် လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲ၍ရသည့်အပြင် ပိုလျှံမှုအပေါ် နိုင်ငံအဆင့် မဟာဓာတ်အားလိုင်းသို့ ရောင်းချ၍ရနေကြောင်း၊ ဆိုလာစနစ် ဆောင်ရွက်သည့်အတွက် ကုန်ကျမည့်ငွေပမာဏမှာ နှစ်အနည်းငယ်အတွင်း အရင်းကျေကာလသို့ရောက်ရှိမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် မိမိတို့ ကာကွယ်ရေးဦးစီးချုပ်ရုံးအတွင်း ၂၀ မဂ္ဂါဝပ်ရှိ ဆိုလာဓာတ်အားပေးစနစ်ကို လွန်ခဲ့သည့် ၂ နှစ်ခန့်မှစတင်တည်ဆောက်အသုံးပြုခဲ့ရာ လာမည့်တစ်နှစ်ခွဲအတွင်း အရင်းကျေကာလ ပြည့်မြောက်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ စက်မှုဇုန်များ၏ မြေလွတ်နေရာများနှင့် အခြားမြေလွတ်မြေရိုင်းနေရာများတွင် ဆိုလာစနစ်ဖြင့် တစ်ပိုင်တစ်နိုင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်စေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် စက်မှုဇုန်များ၌ လျှပ်စစ်မီးမလုံလောက်သည့် စိန်ခေါ်မှုကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အခြားပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း သဘာဝဓာတ်ငွေ့၊ ဆိုလာလျှပ်စစ်အင်ဂျင်ပေါင်းစပ်သည့် Hybrid ဓာတ်အားမဂ္ဂါဝပ်ပေါင်း ၁၀၀၀ ကျော် ထုတ်လုပ်နိုင်ရေးအတွက် စီမံကိန်းများဆောင်ရွက်လျက်ရှိကြောင်း၊ ရရှိသည့်လျှပ်စစ်ဓာတ်အားများကို တစ်နိုင်ငံလုံးဖြန့်ဝေခြင်းဖြစ်သည့်အတွက် အချိုးအစားအလိုက် ဓာတ်အားရရှိမည်ဖြစ်ပြီး လုပ်ငန်းရပ်များအလိုက် ကိုယ်ပိုင် Solar စနစ်ဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက လုပ်ငန်းများပိုမိုအဆင်ပြေမည်ဖြစ်၍ ဆွေးနွေးညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ကြောင့် ယခုတက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးမှ အေဂျင်စီဥက္ကဋ္ဌများအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဆိုလာစနစ်ဖြင့် ဓာတ်အားထုတ်လုပ်ပြီး MSME လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြစေရန် ရှင်းလင်းပြောကြားစေလိုကြောင်း၊ MSME လုပ်ငန်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်သည့်အတွက် ယခုကျင်းပမည့်ပြပွဲနှင့်ပြိုင်ပွဲကို ခမ်းခမ်းနားနားဖြင့် ရည်မှန်းချက်ကြီးကြီးထား၍ ကျင်းပခြင်းဖြစ်ကြောင်း၊ MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှတစ်ဆင့် MSME လုပ်ငန်းများသည် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ဒေသတစ်ခု ထုတ်ကုန်တစ်ခု ထုတ်လုပ်ပြီး ပြည်တွင်းသုံးစွဲရုံသာမက ပြည်ပသို့ တင်ပို့နိုင်သည်အထိ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းကော်မတီစတင်ဖွဲ့စည်းချိန်မှစ၍ ယနေ့ချိန်အထိ တိုးတက်မှုရှိသော်လည်း ပို့ကုန်အမယ်သစ်များ ပြည်ပသို့တင်ပို့နိုင်ရန်နှင့် ပို့ကုန်တိုးမြှင့်နိုင်ရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားအစီအစဉ်၊ ဝန်ကြီးဌာနများ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြခန်းများ၊ ပါဝင်ပြသကြမည့် ထုတ်ကုန်အမျိုးအစားများ၊ ပြိုင်ပွဲအမျိုးအစားများနှင့် ဆုချီးမြှင့်မည့်အစီအစဉ်များ ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က ဆပ်ကော်မတီများဖွဲ့စည်းထားရှိမှုနှင့်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လုံခြုံရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ နေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ မုခ်ဦးနှင့် ပြခန်းများတည်ဆောက်ရေးဆပ်ကော်မတီ၊ ပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြသရေးဆပ်ကော်မတီ၊ ဖွင့်ပွဲအခမ်းအနား၊ ဆုချီးမြှင့်ရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး၊ ဆုရွေးချယ်ရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ လုပ်ငန်း/စီးပွားချိတ်ဆက်မှုဆပ်ကော်မတီ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များဆပ်ကော်မတီ၊ လျှပ်စစ်မီးရရှိရေးဆပ်ကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အေဂျင်စီဥက္ကဋ္ဌများက ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ပြခန်းများပြင်ဆင်ထားရှိမှု၊ ခင်းကျင်းပြသသွားမည့် ထုတ်ကုန်အမျိုးအစားများ၊ ရိုးရာအစားအစာဆိုင်ခန်းများတွင် ရောင်းချသွားမည့် ဒေသရိုးရာအစားအစာများနှင့် ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချဆိုင်ခန်းများ၊ လုပ်ငန်း/စီးပွားချိတ်ဆက်မှုများ(B2B)၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့်ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ အပြီးသတ်ဆောင်ရွက်နေမှုနှင့် ပြခန်းအလိုက်ခင်းကျင်းပြသရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses work coordination meeting to organize a union-level MSME products fair and competition



Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses work coordination meeting to organize a union-level MSME products fair and competition.

NAY PYI TAW February 5

A work coordination meeting to organize a union-level MSME products fair and competition was held at Taboung grounds, Uppatasanti Pagoda here this afternoon, addressed by Chairman of MSME Development Work Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were Deputy Prime Minister and Union Minister for Planning and Finance U Win Shein, Union Minister for Industry U Charlie Than, Nay Pyi Taw Council Chair U Than Tun Oo, deputy ministers, who are subcommittee chairs, agency chairs from Nay Pyi Taw Council and regions and states, officials of associations, exhibition in-charges, heads of department and officials.

The Vice-Senior General said the aims and objectives of the fair and competition have already been set. In carrying out the functions from the time the work committee was formed till now, advantages and disadvantages, and requirements in work connections and experience sharing between the relevant ministries and regions and states and among the regions and states have been exposed according to the finds during the inspection tours of the Head of State and dignitaries. Because of the separation of the functions, weakness can be found in coordination and reforms. Ministry-wise supports including technological aids are posted on web portals, but they still fail to provide wider knowledge to entrepreneurs. Although region/state-wise MSME products fairs are organized in combination, the union level region/state-wise fair and competition will enable entrepreneurs to notice and compare the differences in prices, quality, packing system, techniques exportability of their products and make reforms and innovations accordingly. Every business needs competition for its development. Regions and states will be able to make necessary changes after comparing the quality, taste, packing system of the goods of the same type. MSMEs will have the opportunity to make a comparison of the multiple products in a single place and share experiences.

MSME products should be exported, apart from local distribution. But entrepreneurs need knowledge of the export markets, paper works and technological requirements for smoother running of their business functions. Thanks to the union-level fair and competition, export-substitute goods from region/state MSMEs will be available for the public. Moreover, it will provide MSMEs with the knowledge of the procedures to connect the relevant ministries for acquiring techniques and date, certificates and references.

Furthermore, the agency chairpersons attending this meeting should inform business owners in advance about the processes, information, and technologies that their ministries can provide in relation to MSME businesses, rather than simply displaying their products as was done in previous MSME exhibitions. The exhibitions and competitions will also facilitate connections with civil society organizations driving the economy, as well as banks capable of addressing the financial needs of business owners. These details align with the objective of the Head of State's Union-level MSME product exhibitions and competitions.

Among the presentations made during meetings with MSME business owners, attended by officials including the Head of State, the primary issues discussed were access to capital, land, and electricity. Regarding capital, the MSME Business Committee has offered maximum flexibility to business owners in accessing loans. Regarding land acquisition, officials from the working committee are overseeing the necessary arrangements. Regarding the issue of electricity access, a primary concern for MSME business owners, the nation's electricity production has surpassed 6,300 megawatts. However, some factories have been shut down for various reasons, and production has been halted due to incidents of violence. The Ministry of Electricity is working diligently to ensure a rotational power supply, based on the available generation capacity. He emphasized the importance of educating factories and workshops to address the ongoing electricity shortage. At present, six companies within the Thilawa Industrial Zone are generating over 4.9 megawatts of electricity through solar power systems. This production has enabled a broader range of business activities to be conducted. Using this initiative as a model, other companies are planning to generate and utilize more than 8 megawatts of power. By adopting this approach, each owner will be able to utilize the electricity for their own operations and sell any excess power to the national grid. The cost of installing a solar system is expected to be recovered within a few years. For example, the 20-megawatt solar power system at the Commander-in-Chief's Office was installed and became operational about two years ago, and the cost will be recovered within the next year and a half. Therefore, MSME business owners should aim to secure an electricity supply through solar systems by utilizing vacant land in industrial zones and other



Vice-Senior General Soe Win inspects MSME products.

See Page - 19►►

►► From Page - 18

available areas in the respective regions and states. By doing so, they will be able to overcome the challenge of insufficient electricity in industrial zones. The state is also carrying out projects in other states and regions to generate over 1,000 megawatts of hybrid power, combining natural gas and solar power. With electricity generated being distributed nationwide, power will be allocated in proportion. If each business operates its own solar power system, operations will be more efficient. As such, further discussions and implementation are crucial.

Therefore, agency chairmen from states and regions who are attending the meeting are urged to meet entrepreneurs in respective states and regions and explain how to successfully operate MSMEs by generating electricity from solar energy. As MSMEs can greatly contribute to the development of the country, the upcoming exhibition and competition will be held on a grand scale under ambitious objectives. MSMEs can greatly contribute to the national objective of ensuring prosperity and food security of the nation through the MSME product exhibition and competition. MSME entrepreneurs are required to manufacture one product in one area and exert efforts not only for domestic consumption but also for exports. Since the formation of the MSME working committee, progress has been made but it is necessary to boost production for exports.

Then, Union Minister Dr Charlie Than reported to the Vice-Senior General on the agenda of the opening ceremony of the MSME product exhibition and competition, arrangements for exhibition booths of states and regions including Nay Pyi Taw, kinds of products to be displayed, types of competitions and plans for prizes to be presented.

Afterward, chairman of the working committee Deputy Minister for Industry U Yin Maung Nyunt reported to the Vice-Senior General on formation of sub-committees and arrangements for organizing the union-level MSME product exhibition and competition.

Then, chairmen of sub-committees for security, invitation, accommodation and catering, archway and booth construction, booth location and exhibition, holding opening ceremony, prize presentation and entertainment, judging and prize presentation, linking businesses and businesses (B2B), administrative affairs, electricity supply, information and financial affairs and agency chairmen for states and chairman reported to the Vice-Senior General on completion of tasks, preparations for exhibition booths of respective states and regions, products to be displayed, local tradition food to be sold in traditional food stalls and preparations for participation in the competition.

Then, attendees reported to the Vice-Senior General on preparations for successfully organizing the MSME product fair and competition for respective sectors and the Vice-Senior General coordinated the necessary measures and made concluding remarks before the meeting came to a close.

After the meeting, the Vice-Senior General and party inspected the preparations for booths of ministries, states and regions, ethnic traditional food stalls, links between businesses and businesses (B2B) and completion of booths for MSMEs and manufacturing cooperatives.

**100**

# Yinmabin District cultivates over 9,800 acres of winter onions

YINMABIN February 5

A total of 9,846 acres of onions have been cultivated during this year's winter crops planting season in Yinmabin District, Sagaing Region, according to the statistics from the Department of Agriculture for Yinmabin District.

During the 2024-2025 winter crops planting season, 9,200 acres of onions are planned to be planted in Yinmabin District, and since October 2024, 9,846 acres of onions have been planted.

"We were able to plant more than the current designated acres. The onion cultivation is expanded year after year. We connected the onion market for the onion growers to get a good price," said Daw Myat Moe Win, head of the Department of Agriculture for Yinmabin District.

The cultivation of onions by townships in Yinmabin District is as per following, 3,179 acres in Yinmabin Township, 519 acres in Kani Township, 3,948 acres in Salingyi Township, and 2,200 acres in Pale Township, totaling



9,846 acres.

Onions are grown in Sagaing Region, and the townships that grow onions the most are Monywa, Yinmabin, ChaungU, Shwebo and Myinmu townships.

**SMK**

# Farmers complete cultivation of kidney bean in Mawlaik Township

MAWLAIK February 5

Local farmers have so far planted 2,135 acres of kidney bean as cold season crops in Mawlaik Township of Sagaing Region, according to Mawlaik Township Agriculture Department.

In 2024-2025 cold season, local authorities earmarked cultivation of 2,135 acres of kidney bean in Mawlaik Township, and local farmers have so far planted all 2,135 acres of crops meeting the target.

Daw Kywe Kywe Hlaing, Head of Mawlaik District Agriculture Department said: "Farmers have grown 2,135 acres of kidney bean meeting the cent per cent target cultivation in the township. Our department helped local farmers with quality strains of crops, agricultural inputs and post-harvest technology."

Officials of the Township Agriculture Department raised farmer awareness of expansion of sown acreage of kidney bean, and use of GAP system and quality seeds to boost per-acre yield of crops.

The crops planted in GAP system can fetch good prices at home and abroad markets due to high quality. So, local farmers can earn increased incomes.

**SK**

# Shwebo Township finishes cultivation of more than 4,000 acres of vegetables this cold season

SHWEBO February 5

A total of 4,535 acres of vegetables have been planted in Shwebo Township of Sagaing Region this cold season, according to the Shwebo Township Agriculture Department.

Local authorities plan to grow 4,586 acres of vegetables in the township as cold season crops in 2024-2025 winter but farmers planted 4,535 acres of crops against the target cultivation.

U Hsan Oo, Head of Shwebo Township Agriculture Department, disclosed: "Farmers finished cultivation of 4,535 acres of vegetables. They grow chilli, cabbage, mustard, potato, spicy, eggplant, cauliflower, cucumber, tomato, coriander and other crops. Our department helped local farmers grow the crops in GAP system, urging them to produce healthy crops with least chemical residue with technical assistance."

Officials of the Shwebo Township Agriculture Department conducted training courses for enhancement of capacity of farmers to successfully grow vegetables and produce healthy crops with more plans to expand sown acreage of crops.

Currently, vegetable plantations are thriving in Shwebo Township. Farmers cultivate seasonal vegetables yearly. Hence, they can earn increased incomes for their families. Meanwhile, officials of the Township Agriculture Department urged local farmers to apply correct agricultural techniques, prevent pests and make natural fertilizers and pesticides with the use of domestic raw materials so as to cut agricultural cost.

**SK**

# Ayadaw Township grows over 1,000 acres of winter sunflowers

AYADAW February 5

A total of 1,180 acres of sunflowers have been planted at the time of winter crops planting season in Ayadaw Township, Monywa District, Sagaing Region, according to statistics from Department of Agriculture for Monywa District.

During the 2024-2025 winter crops planting season, 2,725 acres of winter sunflowers are planned to be planted in Ayadaw Township, and since October last year, 1,180 acres have been planted.

"We are working to reach the target area. In order to reduce the amount of palm oil imported from abroad, we are expanding the cultivation of sunflower, which is an oilseed crop. The oil production of sunflower, which is an oilseed crop, is more than that of peanuts and sesame. They only plant sunflower in the winter," said Daw San San Myint, head of the Department of Agriculture for Monywa District.

It is reported that the Department of Agriculture of the township is speeding up the educational courses in order to expand the cultivation of sunflower in Ayadaw Township.

**SMK**

# Moscow welcomes Trump's stance on Kiev's NATO bid

MOSCOW February 5

Russia welcomes the statements made by US President Donald Trump regarding Ukraine's NATO membership ambitions, Foreign Minister Sergey Lavrov has said. Trump is the first Western leader to admit that it was wrong to support Kiev's plans to join the military bloc, the diplomat said on Wednesday.

Trump stated last month that he understands the Russian stance that Ukraine should not be part of NATO. Speaking to reporters in Florida, the US president said Moscow's position had long been "written in stone," but that his predecessor, Joe Biden, had ignored it, which contributed to the current conflict.

"Somewhere along the line, Biden said, '[Ukraine], they should be able to join NATO.' Well, then Russia has somebody right on their doorstep, and I can understand their feelings about that," Trump added.

Speaking at an ambassadors' roundtable on Ukraine, Lavrov said Trump's comments suggest Washington may finally be ready to address issues linked to Ukraine's NATO bid and the bloc's eastward expansion.

"President Trump bluntly said that one of the main mistakes was drawing Ukraine into NATO, and that if he had been in power the past four years, the conflict would not have happened," Lavrov noted.

"For the first time, a Western leader… the leader of the entire Western world, uttered these words, which we welcome because for the first time the problem of NATO was identified as something that the US is ready to discuss seriously," he added.

Lavrov reiterated Moscow's stance that Ukraine's NATO aspirations were a root cause of the current conflict, saying that warnings not to encourage these aspirations either fell on deaf ears or were met with "duplicity" and "hypocrisy" by Western politicians.

"The root cause is the conscious, long-term desire and… practical steps of the West to create direct military threats to Russia on our borders, on the territory of Ukraine, and drawing it into NATO. We have raised this issue repeatedly, demanding NATO honor its pledge not to expand eastward, but all was in vain," Lavrov said.

He suggested Trump's remarks could signal a shift in US policy, which he called crucial as "Washington is the one who will ultimately make the decisions" regarding Ukraine's NATO membership.

**RT**

# U.S. military plane carrying 104 illegal Indian immigrants lands in India's Amritsar

NEW DELHI February 5

A U.S. military plane carrying 104 illegal Indian immigrants Wednesday landed at an airport in the northern Indian city of Amritsar, officials said.



This is the first batch of Indians deported from the United States as part of President Donald Trump's campaign against illegal immigrants in his country.

According to officials, the C-17 U.S. military aircraft took off from San Antonio, Texas, on Tuesday and landed at the airport in Amritsar in the afternoon on Wednesday.

Police and civil administration officials were present at the airport to receive the 104 individuals comprising 79 men and 25 women.

Of the 104 illegal immigrants, 33 are from Haryana and Gujarat, 30 from Punjab, three from Maharashtra and Uttar Pradesh, and two from Chandigarh.

A local television news channel NDTV quoting its sources said each deported Indian national onboard the flight is "verified", indicating New Delhi's involvement in the process.

Officials said the deportees are not offenders in India, as they might have used the legal route to leave the country but tried entering the United States via the illegal route.

Immediately after Trump took over as U.S. President for the second time, he started a massive crackdown on illegal immigrants.

U.S. military aircraft have flown back immigrants deported to Guatemala, Peru and Honduras.

India's Foreign Minister, S. Jaishankar, had earlier said that New Delhi was open to the "legitimate return" of Indian nationals living illegally abroad, including in the United States.

Last week, India's Foreign Ministry spokesperson Randhir Jaiswal at a press briefing said New Delhi was against illegal immigration because it is linked to several forms of organized crime.

**Xinhua**

# U.S. withdraws from UN Human Rights Council

WASHINGTON February 5

U.S. President Donald Trump on Tuesday signed an executive order withdrawing the United States from the UN Human Rights Council (UNHRC).

The executive order also stops funding for the UN Relief and Works Agency for Palestine Refugees in the Near East (UNRWA), and requires the U.S. State Department to reevaluate the UN Educational, Science and Cultural Organization (UNESCO).

Trump made his announcement on the same day he met with Israeli Prime Minister Benjamin Netanyahu, whose country has consistently criticized both the human rights body and UNRWA for alleged bias against Israel.

During Trump's first term, the United States withdrew from the UNHRC in June 2018. In February 2021, then Secretary of State Antony Blinken said in a statement that the Joe Biden administration would reengage with the council as an observer.

Since 1950, UNRWA has been assisting Palestinian refugees in Jordan, Lebanon, Syria, the Gaza Strip and the West Bank, including East Jerusalem.

**Xinhua**

# Trump considers jailing U.S. criminals in El Salvador

WASHINGTON February 5

U.S. President Donald Trump said Tuesday that he was mulling over Salvadoran President Nayib Bukele's offer to accept and jail violent American criminals in the "most severe cases."

"I'm just saying if we had a legal right to do it, I would do it in a heartbeat," Trump told reporters in the Oval Office. "I don't know if we do or not, we're looking at that right now."

Secretary of State Marco Rubio reached an unusual agreement with Bukele a day earlier that the Central American country would accept U.S. deportees of any nationality, including American citizens and legal residents who are imprisoned for violent crimes.

Bukele said his country would accept only "convicted criminals" and would charge a fee that "would be relatively low for the United States but significant for El Salvador."

**Xinhua**

# CIA's torture factory: will Guantanamo ever close?

MOSCOW February 5

The Trump administration plans to use the Guantanamo Bay naval base to detain the "worst of the worst" immigrants who break US law. The black site in Cuba was used to hold terrorism suspects in the wake of 9/11.

The CIA used torture on detainees – including sleep deprivation, simulated drowning, confinement with insects and playing deafening music for weeks, slowly driving detainees mad.

At least nine detainees officially died at the camp. Some suspects were kept for 20 years without formal charges. One Guantanamo survivor penned a book where he described his experiences, including after-torture hallucinations and memory loss.

Many Guantanamo detainees were not even tried in court. "The CIA was never interested in prosecution," admits James Mitchell, a psychologist who helped develop 'enhanced interrogation' methods.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Experts reveal the worst time to eat lunch if you're watching your weight

Brits looking to shed the pounds have long been advised to stop eating late at night, instead making lunch the day's heartiest meal.

Yet it's not just about what you eat for lunch, but when you eat it, that could prove vital for weight loss, one dietician has warned.

According to Lena Bakovic, a registered dietician based in Florida, the 'optimal' time sits around four to five hours after you've eaten breakfast.

'If someone wakes at 7am and eats a nutrient-dense breakfast at 8 am, then they are likely to tune into their hunger cues roughly four to five hours later, at 12 to 1 pm,' she said.

Eating lunch later may make it harder for the body to metabolise the food and could result in people skipping dinner and/or snacking closer to bedtime, she said.

Scientists in Spain have also suggested that late lunch eaters burned fewer calories at rest than those who ate at 1 pm.

According the study, published in the journal Nutrients, those who grabbed lunch at 4:30 pm also had unstable blood sugar throughout the day, and took longer to transform carbs into energy.

Previous research has shown that not eating for a prolonged period can cause blood sugar to spike when you do eat — especially if the meal is high in carbohydrates.

Spikes are known to increase the risk of a massive drop in blood sugar later in the day, which can trigger the release of hormones that elicit extreme hunger pangs, making you more likely to snack.

Speaking to Real Simple, Ms Bakovic said: 'It's possible that eating an earlier lunch shortly after breakfast will contribute to greater hunger later in the day and prior to dinnertime.

'This can lead to snacking on less-than-healthy food choices.

'With eating lunch later in the day and closer to dinnertime, this may lead some individuals to skipping dinner and then feeling hungry closer to bedtime.

'This could promote snacking on salty and/or sugary foods with low nutritional value.'

But eating at different times each day may also impact our health, she warned, as it could disrupt the circadian rhythms that govern how our body transitions from day to night and back again.

'As with sleep-wake cycles being consistent and important for our bodies to feel in sync on a day-to-day basis, the same can be said with our mealtimes,' she said.

'Thus, it's beneficial to have lunch around the same time each day, as this consistent



prompting of hunger and fullness cues syncs to our sleep-wake cycles.'

Earlier this month, one Italian longevity expert also claimed that the type of food consumed over lunch too, can boost your chances of reaching 100.

According to Dr Valter Longo, a researcher in ageing and biological science at the University of Southern California, a light meal of nuts and fruit is more beneficial 'because you don't have the insulin release and all the postprandial consequences' of a bigger lunch.

Dr Longo who founded the famous 5:2 diet said you should also aim to eat early enough, leaving 12 hours between dinner and breakfast the following day.

This is because, scientists say, it activates autophagy, a process that breaks down and recycles old or damaged parts of a cell helping to slow down ageing.

**Mail Online**

# Scientists discover new 'wonder supplement' that could supercharge your memory and concentration



An inexpensive herbal supplement that TikTok creators claim is a 'natural' remedy for ADHD and anxiety can boost memory and concentration, surprising trial results suggest.

Indian researchers found the herb bacopa - which sells for £-5 (about $-6.50) could have brain-boosting powers when taken every day for just three months.

Results showed those taking the botanical which is extracted from plants that grow in wetlands performed better than others on tests that measured memory, concentration, alertness, reasoning and mental flexibility.

Compared to a placebo group given a sugar pill, the 40 bacopa participants also saw a reduction in their hormones linked to stress and anxiety.

The authors, who presented their findings in the journal Gavin Publishers, also noted the bacopa group had higher levels of a protein associated with the production of new brain cells.

Bacopa's brain-enhancing benefits are said to lie in substances inside the plant called bacosides, which have antioxidant and anti-inflammatory properties.

The substance has long been popular among TikTok users, who've shared videos claiming that it may even serve some memory-boosting benefit to those with early stage Alzheimer's disease.

Independent experts, however, are cautious about the new findings, and say taking the supplement involves risks.

Writing for The Conversation, Professor James Goodwin, an expert in the science of ageing at Loughborough University, said bacopa could make certain medications less effective.

'It inhibits an important brain chemical called acetylcholine and therefore could counteract cholinergic drugs for conditions such as dementia, glaucoma and urinary retention,' he wrote.

Other drugs that may be rendered useless by bacopa include those used to treat chronic obstructive pulmonary disease.

These medicines also work by altering levels of acetylcholine.

Additionally, a known common side effect of bacopa is digestive problems such as nausea and abdominal cramps.

For this reason, patients with issues like stomach ulcers and irritable bowel syndrome are also cautioned against taking it.

The study involved 80 participants between the age of 18 and 55 who were split into two groups hald were given a 300mg dose of bacopa and other half a placebo.

Tests were performed at the beginning of the three month experiement, twice during once and at the end.

Examples of memory tasks included telling a participant a series of numbers and asking them to repeat the list back, memorising the placement and order of squares on a screen and searching for a specific object in a cluttered space.

Tests assessing cognitive abilities like concentration included word and colour puzzles.

While the new offers promising findings, experts say there is not yet enough sufficient evidence to prove bacopa's health benefits.

The Indian researchers behind the trial, which was funded by a company that makes bacopa supplements, said their results could have implications for people seeking a way to boost their brain healthily.

'Unlike synthetic cognitive enhancing drugs which are potentially addictive, herbal supplements are less adverse and highly tolerable,' they wrote.

**Mail Online**

# အမေရိကန် C-17လေယာဉ်(သို့မဟုတ်)တရားမဝင်ရွှေ့ပြောင်းသူများကို ပထမဆုံးအကြိမ်အဖြစ် ဂွမ်တာနာမိုသို့ပို့ဆောင်ခဲ့သည့်လေယာဉ်

ဒေါ်နယ်ထရမ့်၏ တရားမဝင်ရွှေ့ပြောင်းသူများတိုက်ဖျက်ရေးအစီအစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် ရွှေ့ပြောင်းသူများကိုသယ်ဆောင်လာသောစစ်လေယာဉ်သည် ပထမဆုံးအကြိမ်အဖြစ် ဂွမ်တာနာမိုအကျဉ်းထောင်သို့ ဖေဖော်ဝါရီလ ၄ ရက် ဒေသစံတော်ချိန် ည ၇ နာရီ မိနစ် ၄၀ ခန့်တွင် ဆိုက်ရောက်လာခဲ့ကြောင်း ABC သတင်းဌာနကဖော်ပြသည်။

၎င်းရွှေ့ပြောင်းသူများသည် အမေရိကန်ပြည်ထောင်စုမှပြည်နှင်ဒဏ်ပေးခံရမည့်သူများဖြစ်ပြီး ၎င်းတို့အား အမေရိကန်အာဏာပိုင်အဖွဲ့က တက္ကဆပ်ပြည်နယ် အယ်ပါဆိုမြို့မှ C–17 အမျိုးအစား စစ်လေယာဉ်ဖြင့် သယ်ဆောင်လာခြင်းဖြစ်သည်။

ကျူးဘားနိုင်ငံရှိ ဂွမ်တာနာမိုအကျဉ်းထောင်သည် အမေရိကန်ရေတပ်၏ စစ်အခြေစိုက်စခန်းတစ်ခုဖြစ်ပြီး ယခင်က အယ်လ်ကိုင်ဒါစစ်သွေးကြွများအား ဖမ်းဆီးထိန်းသိမ်းရာတွင် လုံခြုံရေးအလွန်တင်းကျပ်ထားသည့် အကျဉ်းထောင်တစ်ခုအဖြစ်အသုံးပြုခဲ့ခြင်းဖြစ်သည်။ ယင်းအကျဉ်းထောင်ကို ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယခုလေယာဉ်ပေါ်တွင်လိုက်ပါလာသည့် ရွှေ့ပြောင်းနေထိုင်သူများအနက် ၁၀ ဦးမှာ ဗင်နီဇွဲလားနိုင်ငံရှိ နာမည်ကြီး ဂိုဏ်းတစ်ဂိုဏ်းဖြစ်သည့် Tren de Aragua မှဂိုဏ်းသားများဖြစ်သည်။ ထို့ပြင် ဂွမ်တာနာမိုအကျဉ်းထောင်သို့ ပို့ဆောင်ခြင်းခံရသူအားလုံးသည် အမေရိကန်ပြည်ထောင်စု၏ လူဝင်မှုကြီးကြပ်ရေးဥပဒေကို ချိုးဖောက်ထားသူများဖြစ်ပြီး အမေရိကန်နိုင်ငံသားများအပေါ် ဆိုးရွားကြမ်းတမ်းသည့် ရာဇဝတ်မှုများကျူးလွန်ထားသူများလည်းဖြစ်ကြောင်း အိမ်ဖြူတော်မှ ပြန်ကြားရေးအတွင်းဝန် ကယ်ရိုလိုင်းလီဗစ်က ပြောကြားထားသည်။

ဂွမ်တာနာမိုအကျဉ်းထောင်သို့ လက်ရှိပို့ဆောင်ခြင်းခံရသူများကို ၎င်းအကျဉ်းထောင်ရှိ အကျဉ်းကျခံနေသူများနှင့် အတူထားရှိမည်မဟုတ်ဘဲ ၎င်းတို့မိခင်နိုင်ငံများသို့ ပြန်ပို့ခြင်းခံရသည့်အချိန်အထိ အမေရိကန်လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်အာဏာပိုင်အဖွဲ့က လုံခြုံရေးတာဝန်ယူမည်ဖြစ်သည်။

အမေရိကန်ရှိ ရာဇဝတ်မှုကျူးလွန်သူများနှင့် တရားမဝင် ဝင်ရောက်လာသည့် ရွှေ့ပြောင်းနေထိုင်သူများအား ထိန်းသိမ်းရန်အတွက် ဂွမ်တာနာမိုအကျဉ်းစခန်းတွင် နေရာပေါင်း ၃၀၀၀၀ အထိ ပြင်ဆင်ထားရန် ထရမ့်က ၎င်း၏အစိုးရအဖွဲ့အား အစောပိုင်းတွင် ညွှန်ကြားထားခဲ့သည်။

ထို့ပြင် သမ္မတထရမ့်အနေဖြင့် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများတိုက်ဖျက်ရေးကို ထိရောက်စွာလုပ်ဆောင်နိုင်ရန်အတွက် သမ္မတအဖြစ်တာဝန်ထမ်းဆောင်ပြီးချိန်မှစ၍ မက္ကဆီကိုနှင့် ထိစပ်နေသည့် နယ်စပ်တွင် အရေးပေါ်အခြေအနေတစ်ရပ် ထုတ်ပြန်ခဲ့သည်။

ယင်းနောက်တွင် အမေရိကန်အစိုးရသည် နယူးယောက်တွင် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများအား ရှာဖွေဖော်ထုတ်ရန်အတွက် အကြီးစားစစ်ဆင်မှုကြီးများကိုလုပ်ဆောင်ခဲ့ရာ တစ်နေ့တည်းမှာပင် လူပေါင်း ၁၂၀၀ ကျော်ဖမ်းဆီးခံခဲ့ရကြောင်း New York Post သတင်းစာက ဇန်နဝါရီလကုန်ပိုင်းတွင် ဖော်ပြခဲ့သည်။

တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများအားတိုက်ဖျက်ရေးအတွက် မစ္စစ္စပီပြည်နယ် အာဏာပိုင်များကမူ ဆုပေးသည့်စနစ်ကို ကျင့်သုံးခဲ့ကြောင်းတွေ့ရသည်။ ပြည်နယ်အာဏာပိုင်များအနေဖြင့် တရားမဝင်ရွှေ့ပြောင်းသူများကိုဖမ်းဆီး၍ ပြည်နှင်ဒဏ်ပေးနိုင်သည့် တရားဥပဒေစိုးမိုးရေးအဖွဲ့မှ အရာရှိများအား လူတစ်ဦးလျှင် ဒေါ်လာ ၁၀၀၀ ပေးအပ်မည်ဟုကမ်းလှမ်းထားသည်။ အဆိုပါဆုချီးမြှင့်သည့် အစီအစဉ်ကို ပြည်နယ်အာဏာပိုင်များက အသိအမှတ်ပြုဆုလာဘ်ရှာဖွေမှုအစီအစဉ်ဟူ၍ အမည်ပေးထားသည်။

အမေရိကန်အစိုးရက ပြည်နှင်ဒဏ်ပေးခဲ့သည့် ရွှေ့ပြောင်းနေထိုင်သူများကို ပြန်လည်ခေါ်ယူရန်အတွက်လည်း အယ်ဆာဗေဒေါ၊ ဗင်နီဇွဲလားနှင့် ကိုလံဘီယာနိုင်ငံတို့က သဘောတူထားပြီးဖြစ်သည်။

တရားမဝင်ရွှေ့ပြောင်းသူများအား ယခုကဲ့သို့ ဂွမ်တာနာမိုသို့ ပထမဆုံးအကြိမ်ပို့ဆောင်ခဲ့ခြင်းသည် အစိုးရအတွက် အနည်းဆုံး ဒေါ်လာနှစ်သန်းကုန်ကျစေခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က အတည်ပြုထားသည်။ ထို့ပြင် တရားမဝင်ရွှေ့ပြောင်းသူများအား ဂွမ်တာနာမိုသို့ ချောမွေ့စွာ ပို့ဆောင်နိုင်ရေးအတွက် အမေရိကန်လူဝင်မှုကြီးကြပ်ရေးအဖွဲ့မှ အဖွဲ့ဝင် ၃၀၀ ခန့်နှင့် ကမ်းတက်တပ်ဖွဲ့ဝင် ၂၀၀ ခန့်ကိုပါ အစိုးရက စေလွှတ်ရန်စီစဉ်ထားကြောင်း အမေရိကန်တောင်ပိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

**Ref: Izvestia, DW**

နိုင်ထူး



# ပါလက်စတိုင်းပြည်သူများအား ၎င်းတို့ပိုင်နက်နယ်မြေမှဖယ်ရှားမည့် မည်သည့်ကြိုးပမ်းချက်မျိုးကိုမဆို ကန့်ကွက်ဟု ဆော်ဒီအာရေဗျပြော



ရီယက်၊ နိုင်ငံရေး

ပါလက်စတိုင်းပြည်သူများအား ၎င်းတို့၏ ပိုင်နက်နယ်မြေမှဖယ်ရှားမည့် မည်သည့်ကြိုးပမ်းချက်မျိုးကိုမဆို ကန့်ကွက်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီလ ၅ရက်တွင်ထုတ်ပြန်သည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ အဆိုပါထုတ်ပြန်ချက်သည် ဂါဇာကမ်းမြောင်ဒေသအား အမေရိကန်က ထိန်းချုပ်သိမ်းပိုက်မည့် အဆိုပြုချက်ကို ဒေါ်နယ်ထရမ့်က အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ဖေဖော်ဝါရီလ ၄ ရက်က အိမ်ဖြူတော်၌ ပူးတွဲပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အဆိုပါအဆိုပြုချက်တွင် အမေရိကန်အနေဖြင့် ဂါဇာကမ်းမြောင်ဒေသအား ထိန်းချုပ်၍ ဒေသတွင်းရှိ အပျက်အစီးများကို ဖယ်ရှားရှင်းလင်းကာ အရှေ့အလယ်ပိုင်း၏ လှပသည့်အပန်းဖြေဒေသတစ်ခုအဖြစ် အသွင်ပြောင်းနိုင်သည်ဟု ထရမ့်က ပြောကြားခဲ့ကြောင်းသိရသည်။

ထို့ပြင် ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် ပါလက်စတိုင်းနိုင်ငံတည်ထောင်ရေးအတွက် ခိုင်ခံ့စွာဖြင့် ကတိကဝတ်ပြုထားပြီး ပါလက်စတိုင်းနိုင်ငံကိုတည်ထောင်နိုင်မှသာ ဂါဇာကမ်းမြောင်ဒေသတွင် အစွန့်ရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီးဌာနက ဆက်လက်ဖော်ပြသည်။

ထို့အတူ ငြိမ်းချမ်းရေးကိုမြတ်နိုးသည့် နိုင်ငံများအနေဖြင့်လည်း ၁၉၆၇ ခုနှစ် နယ်စပ်အပေါ်အခြေခံထားသည့် ပါလက်စတိုင်းနိုင်ငံကိုအသိအမှတ်ပြုကြရန် ဆော်ဒီအာရေဗျနိုင်ငံက တိုက်တွန်းခဲ့ကြောင်းသိရသည်။

**Ref: RT**

# သီရိလင်္ကာနိုင်ငံက ပထမဆုံးအကြိမ်အဖြစ် ကိုကင်းအရည်ကို သိမ်းဆည်းရမိ

ကိုလံဘို၊ ရာဇဝတ်မှု

သီရိလင်္ကာအကောက်ခွန်ဌာနသည် ပထမဆုံးအကြိမ်အဖြစ် ကိုကင်းအရည်ကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဖေဖော်ဝါရီလ ၅ ရက်တွင်ပြောသည်။

အဆိုပါကိုကင်းအရည်ကို ဗြိတိန်နိုင်ငံမှ သီရိလင်္ကာနိုင်ငံအနောက်ပိုင်း ကီရီဘတ်ဂိုဒါဒေသရှိ လိပ်စာတစ်ခုသို့ပေးပို့သည့်အထုပ်တစ်ခုအတွင်း၌ ဖေဖော်ဝါရီလ ၄ ရက်တွင် သိမ်းဆည်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဆီးဗာလီ အာရွတ်ဂိုဒါက ပြောသည်။ အဆိုပါအထုပ်အတွင်း၌ ဆေးခြောက် ၆၅ ဂရမ်နှင့် အလေးချိန် ၅၀၀ မီလီလီတာရှိ ကိုကင်းအရည်တို့ပါဝင်ကြောင်း သိရသည်။

သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးများ၏တန်ဖိုးမှာ ကာလပေါက်ဈေး ရူပီး ၁၃ သန်း (ဒေါ်လာ ၄၄၀၀၀) ခန့်ရှိကြောင်း အာရွတ်ဂိုဒါကဆက်ပြောသည်။ ယခုကဲ့သို့ ကိုကင်းအရည်ကို သိမ်းဆည်းရမိခဲ့ခြင်းသည် သီရိလင်္ကာနိုင်ငံ၏ အကောက်ခွန်သမိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ အာဏာပိုင်အဖွဲ့က အသက် ၂၃ နှစ်အရွယ်ရှိ ခရီးသွားလုပ်ငန်း၌ အလုပ်လုပ်ကိုင်နေသူတစ်ဦးအား ဖမ်းဆီးထားကြောင်းသိရသည်။

**Ref: Xinhua**



# အီရန်၏နျူကလီးယားအစီအစဉ်နှင့်စပ်လျဉ်း၍ ငြိမ်းချမ်းသော သဘောတူညီချက်တစ်ရပ်ချမှတ်နိုင်မည့်အဆိုပြုချက်ကို ထရမ့်ပြောကြား



**ဝါရှင်တန်၊ နည်းပညာ**

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်စပ်လျဉ်း၍ ငြိမ်းချမ်းသော သဘောတူညီချက်တစ်ရပ် ချမှတ်နိုင်မည့် အဆိုပြုချက်တစ်ရပ်ကို ပြောကြားခဲ့သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏လူမှုကွန်ရက်တွင် ဖေဖော်ဝါရီလ ၅ ရက်က ဖော်ပြခဲ့ကြောင်းသိရသည်။

အဆိုပါနျူကလီးယားသဘောတူညီချက်သည် အီရန်နိုင်ငံအား ငြိမ်းချမ်းစွာဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး ကြွယ်ဝသည့်နိုင်ငံအဖြစ်သို့ ရောက်ရှိစေမည်ဖြစ်ကြောင်း ထရမ့်က ဆက်လက်ပြောကြားသည်။ သို့သော် ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် အမေရိကန်နှင့်အီရန်တို့ကြား သဘောတူညီချက်များချမှတ်ရန် အရေးတကြီး လိုအပ်ကြောင်း ထရမ့်က ဆက်လက် ပြောကြားခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံအပေါ် အမေရိကန်အစိုးရက ဖိအားပေးခြင်းမျိုးလုပ်ဆောင်ရန် အလိုမရှိသော်လည်း ယင်းနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်များ ပိုင်ဆိုင်ခြင်းကိုလက်မခံနိုင်ဟု ထရမ့်က ဖေဖော်ဝါရီလ ၄ ရက်တွင်ပြောကြားခဲ့သည်။

ထရမ့်၏ အဆိုပါပြောဆိုချက်သည် အခြေအမြစ်မရှိကြောင်း၊ အီရန်နိုင်ငံသည် ဇီဝလက်နက်များကို ပိုင်ဆိုင်ထားပြီး ဖြစ်သည်ဟူသော ပြောဆိုချက်များမှာ အမေရိကန်၏ကြောက်ရွံ့မှုကို ဖော်ပြနေခြင်းသာဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်အာရက်ချီက အစောပိုင်းတွင်တုံ့ပြန်ပြောကြားခဲ့ကြောင်း သိရသည်။

**Ref: Izvestia**

## သတင်းတိုကဏ္ဍ

### တရုတ်နိုင်ငံတွင် အအေးလှိုင်းဖြတ်သန်းနိုင်ကြောင်း မိုးလေဝသအဖွဲ့ကသတိပေး

တရုတ်နိုင်ငံတွင် လာမည့်ရက်ပိုင်းအတွင်း အအေးလှိုင်းဖြတ်သန်းနိုင်ခြင်းကြောင့် မိုးလေဝသအဖွဲ့က အပြာရောင်သတိပေးချက်ကို ဖေဖော်ဝါရီလ ၅ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိဒေသအများအပြားတွင် လာမည့်ရက်ပိုင်းအတွင်း အပူချိန်လျော့ကျနိုင်ကြောင်း၊ အချို့ဒေသများတွင် အပူချိန်သည် ၆ ဒီဂရီမှ ၈ ဒီဂရီအထိ ကျဆင်းနိုင်ကြောင်း အမျိုးသားမိုးလေဝသစင်တာက ထုတ်ပြန်ထားသည်။

ထို့ပြင် နိုင်ငံတောင်ပိုင်းရှိ အချို့ဒေသများတွင်လည်း အပူချိန်မှာ ၄ ဒီဂရီမှ ၆ ဒီဂရီအထိ ကျဆင်းလာနိုင်သောကြောင့် အာဏာပိုင်အဖွဲ့က သတိပေးချက်များ ထုတ်ပြန်ထားကြောင်းသိရသည်။

တစ်ချိန်တည်းမှာပင် ရှီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ချင်ဟိုင်ပြည်နယ်၊ အတွင်းပိုင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် မြောက်ပိုင်းဒေသများတွင် လေပြင်းများ တိုက်ခတ်နိုင်ခြင်းကြောင့် မိုးလေဝသစင်တာက သတိပေးချက်များ ထုတ်ပြန်ခဲ့ရကြောင်းသိရသည်။

**Ref: Xinhua**

---

### အင်ဒိုနီးရှား ဘာလီကျွန်းတွင် အပူလှိုင်းဖြတ်သန်းခဲ့ရာ အပူချိန်မှာ ၃၆ ဒီဂရီအထိမြင့်တက်လာခဲ့

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် အပူလှိုင်းဖြတ်သန်းခဲ့ရာ အပူချိန်မှာ ၃၆ ဒီဂရီအထိ မြင့်တက်လာခဲ့ကြောင်း မိုးလေဝသနှင့် ဘူမိရူပအေဂျင်စီက ဖေဖော်ဝါရီလ ၅ ရက်တွင် ထုတ်ပြန်သည်။

ဘာလီကျွန်းရှိ အချို့ဒေသများတွင် ပြီးခဲ့သည့်နှစ်ရက်အတွင်းမှစ၍ အပူချိန်မြင့်တက်လာခြင်းဖြစ်ပြီး ဒန်ပါဆာမြို့ရှိ ဆန်ဂလာဒေသတွင် ယခင်က ပျမ်းမျှအပူချိန်မှာ ၃၂ ဒသမ ၅ ဒီဂရီသာရှိခဲ့သော်လည်း ယခုအခါ အပူချိန်မှာ ပိုမိုမြင့်တက်လာကြောင်း မိုးလေဝသနှင့်ဘူမိရူပအေဂျင်စီမှ အကြီးအကဲဖြစ်သူ ဝါယန်မူစတီယာနာက ပြောသည်။

အင်ဒိုနီးရှားနိုင်ငံတွင် လာမည့်ရက်ပိုင်းအတွင်း အပူချိန်ဆက်လက်မြင့်တက်နေမည်ဖြစ်ပြီး ဘာလီကျွန်းတွင် မိုးရွာသွန်းမှုသည် ဇန်နဝါရီလမှစ၍ လျော့နည်းသွားခဲ့ကြောင်းသိရသည်။

**Ref: Xinhua**

# အမေရိကန်က ၎င်းတို့၏တပ်များအား ဆီးရီးယားနိုင်ငံမှ လပိုင်းအတွင်း ပြန်လည်ရုပ်သိမ်းရန်စီစဉ်လျက်ရှိ

**အစ္စတန်ဘူ၊ စစ်ရေး**

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသည် ၎င်းတို့၏တပ်များအား ဆီးရီးယားနိုင်ငံမှ လပိုင်းအတွင်း ပြန်လည်ရုပ်သိမ်းရန် စီစဉ်လျက်ရှိကြောင်း NBC သတင်းဌာနက ထုတ်ပြန်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့်စစ်ဘက်အရာရှိကြီးများကြား ဖလော်ရစ်ဒါပြည်နယ် တမ်ပါမြို့၌ တွေ့ဆုံဆွေးနွေးပြီးနောက် ထရမ့်က ဆီးရီးယားမှ အမေရိကန်တပ်များကို ပြန်လည်ရုပ်သိမ်းရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး မိုက်ဝေါ့လည်းပါဝင်ခဲ့သည်။ အမေရိကန်အနေဖြင့် ဆီးရီးယားအရေးတွင် ပါဝင်ရန်မလိုအပ်ကြောင်း၊ ယင်းနိုင်ငံသည်ရှုပ်ထွေးမှုများနှင့်ရင်ဆိုင်နေရပြီး အမေရိကန်က ပါဝင်ခြင်းကို လိုအပ်ခြင်းမရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ယင်းနိုင်ငံအတွင်းရှိ အမေရိကန်တပ်များအား ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ထရမ့်က ပြောကြားခဲ့သည်။



လက်ရှိတွင် အမေရိကန်ပြည်ထောင်စုသည် ၎င်းတို့၏စစ်သည် ၂၀၀၀ ခန့်ကို ဆီးရီးယားနိုင်ငံအတွင်း၌ တပ်ဖြန့်ထားကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ထုတ်ပြန်ထားသည်။

**Ref: Izvestia, Aa**

# ရွှေ့ပြောင်းနေထိုင်သူ ၁၀၄ ဦးကိုသယ်ဆောင်လာသည့် အမေရိကန်စစ်လေယာဉ် အိန္ဒိယသို့ရောက်ရှိ




**နယူးဒေလီ၊ တရားမဝင်ရွှေ့ပြောင်းမှု**

အိန္ဒိယနိုင်ငံမှ တရားမဝင် ဝင်ရောက်လာသည့် ရွှေ့ပြောင်းနေထိုင်သူ ၁၀၄ ဦးကိုသယ်ဆောင်လာသည့် အမေရိကန်စစ်လေယာဉ်သည် ဖေဖော်ဝါရီလ ၅ ရက်တွင် အမ်ရစ်စတာမြို့လေဆိပ်သို့ ဆိုက်ရောက်လာခဲ့ကြောင်း အစိုးရအဖွဲ့မှအရာရှိများက ပြောသည်။

ယခုပို့ဆောင်ခဲ့သည့် ရွှေ့ပြောင်းနေထိုင်သူများသည် အမေရိကန်အစိုးရ၏တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများ တိုက်ဖျက်ရေးအစီအစဉ်အရ အိန္ဒိယနိုင်ငံသို့ ပထမဆုံးအသုတ်အဖြစ် ပို့ဆောင်ခြင်းခံရသူများဖြစ်သည်။

အမေရိကန်စစ်လေယာဉ်သည် တက္ကဆပ်ပြည်နယ် ဆန်အန်တိုနီယိုမြို့မှ ပျံသန်းလာခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ အမ်ရစ်စတာလေဆိပ်သို့ရောက်ရှိလာခြင်းဖြစ်သည်။ အမေရိကန်မှ ပြည်နှင်ဒဏ်ပေးခံရပြီး ပြန်လည်ပို့ဆောင်ခြင်းခံရသူများတွင် အမျိုးသား ၇၉ ဦး၊ အမျိုးသမီး ၂၅ ဦးပါဝင်ကြောင်းသိရသည်။

အိန္ဒိယအစိုးရအနေဖြင့် အမေရိကန်ပြည်ထောင်စုအပါအဝင် ပြည်ပနိုင်ငံများရှိ တရားမဝင်နေထိုင်နေသည့်နိုင်ငံသားများကို ပြန်လည်လက်ခံရန်အသင့်ရှိသည်ဟု အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက အစောပိုင်းတွင် ပြောကြားထားသည်။

**Ref: Xinhua**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်

## သတင်းထုတ်ပြန်ချက်အမှတ်(၂/၂၀၂၅)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အမိန့်အမှတ်(၁၆/၂၀၂၅)ဖြင့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၈) ဦး ပါဝင်သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို နိုင်ငံသားများ၏ လူ့အခွင့်အရေးများတိုးတက်ဖော်ဆောင်ရန်နှင့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရာတွင် အသွင်သဏ္ဌာန်နှင့်အနှစ်သာရများပြည့်ဝစေရန် ရည်သန်လျက် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၁ ဖြင့် စတင်ဖွဲ့စည်းပေးခဲ့ပါသည်။ ကော်မရှင်ကို နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းမှုအသွင်သဏ္ဌာန်နှင့်လိုက်လျောညီထွေရှိစေရန်နှင့် ခိုင်မာစွာရေရှည်ရပ်တည်နိုင်စေရန်တို့အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင်ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁ ဖြင့် ပြဋ္ဌာန်းထားရှိခဲ့ပါသည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ ဖွဲ့စည်းရပ်တည်လျက်ရှိသောကော်မရှင်သည် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဓိကလုပ်ငန်းတာဝန်များဖြစ်သော ပြည်သူများအား လူ့အခွင့်အရေးပညာပေးရေးနှင့် အသိပညာပြန့်ပွားရေးမြှင့်တင်ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေးဖောက်ဖျက်ခံရခြင်းမရှိစေရန် ကာကွယ်စောင့်ရှောက်ခြင်း၊ နိုင်ငံတော်၏တည်ဆဲဥပဒေများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များနှင့်လိုက်လျောမှုရှိစေရန် အကြံပြုခြင်း၊ နိုင်ငံတော်ကပါဝင်ချုပ်ဆိုသင့်သော လူ့အခွင့်အရေးစာချုပ်များကို အစိုးရအဖွဲ့သို့ တင်ပြအကြံပြုခြင်း၊ အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများသာမက အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေးယန္တရားများနှင့်ထိတွေ့ဆောင်ရွက်ခြင်း စသည့်ကျယ်ပြန့်သိမ်မွေ့သောတာဝန်နှင့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၄။ ကော်မရှင်သည် နိုင်ငံသားများ၏အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရာတွင် ကော်မရှင်ဥပဒေပါရည်ရွယ်ချက်များအောင်မြင်စေရန်နှင့်လုပ်ငန်းများထိရောက်စေရန်အလို့ငှာ ရှေ့လုပ်ငန်းစဉ်မူဘောင် (The Framework of Action Plan) တစ်ရပ်နှင့် နှစ်စဉ်လုပ်ငန်းစီမံချက် (Operational Plan) ရေးဆွဲချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယင်းမူဘောင်နှင့်စီမံချက်တို့တွင် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများနှင့်တန်ဖိုးများကို အများပြည်သူသိရှိနားလည်မှုတိုးမြှင့်စေရန်၊ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများလျော့ပါးစေရေးအတွက် တိုင်တန်းချက်များကိုင်တွယ်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်၊ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများနှင့် လိုအပ်သည့်နေရာများသို့ သွားရောက်စစ်ဆေးခြင်းတို့ကို နည်းလမ်းတကျဆောင်ရွက်ရန်၊ တည်ဆဲဥပဒေများပြင်ဆင်ခြင်းနှင့် ဥပဒေကြမ်းများရေးဆွဲခြင်းတို့တွင် လူ့အခွင့်အရေးစံများ ထည့်သွင်းစဉ်းစားလာစေရန်၊ နိုင်ငံတော်မှပါဝင်ချုပ်ဆိုခြင်းမပြုရသေးသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များကို လေ့လာသုံးသပ်ရန်၊ အပြည်ပြည်ဆိုင်ရာနှင့်ဒေသဆိုင်ရာ လူ့အခွင့်အရေးယန္တရားများ၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ရှေ့ဆက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ နိုင်ငံသားတစ်ဦးသည် နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ်(၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**သို့လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးခွဲ နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့လည်းကောင်း လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ သက်ဆိုင်ရာကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် ၀၁၈-၆၅၄၆၇၈၊ ကော်မရှင် email လိပ်စာဖြစ်သော **protection @mnhrc.org.mm** တို့မှတစ်ဆင့်ဖြစ်စေ အချက်အလက်များ ပြည့်စုံစွာဖော်ပြတိုင်ကြားနိုင်ပါသည်။ ကော်မရှင်သည် တိုင်တန်းချက်များကိုစိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်၍ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများနှင့် နစ်နာမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၆။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ ကော်မရှင်သည် နိုင်ငံတော်၏လူ့အခွင့်အရေးအခြေအနေနှင့် ကော်မရှင်၏ဆောင်ရွက်မှုများ၊ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ သင့်လျော်သည့် အကြံပြုထောက်ခံချက်များပါဝင်သော နှစ်ပတ်လည်အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့တင်ပြခြင်း၊ လိုအပ်ပါက လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အထူးအစီရင်ခံစာများကို နိုင်ငံတော်သမ္မတထံတင်ပြခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၇။ ကော်မရှင်သည် လူ့အခွင့်အရေးကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်သည့်လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာလူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ကော်မရှင်ဥပဒေပါရည်ရွယ်ချက်များအောင်မြင်စေရန်ကြိုးပမ်းထမ်းဆောင်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်

# မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရွှေဘုန်းပွင့်စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ဦးဆောင်ကာ Elite Petrochemical CO.,LTD. Eco Friendly Fuel (EFF Gas)၏ကူညီပံ့ပိုးမှုဖြင့်ပြုလုပ်သည့် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ အဆိုပါစေတီ၌ ပြုလုပ်သည်။

၎င်းထမနဲထိုးပြိုင်ပွဲတွင် ဆွမ်းလောင်းအသင်း၊ ဌာနဆိုင်ရာအသင်း၊ ရပ်ကွက်အသင်း စုစုပေါင်းအသင်းရှစ်သင်းပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ထမနဲထိုးပြိုင်ပွဲအပြီးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းက ပထမ၊ ရေကျော်သားအသင်းကဒုတိယနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးအသင်းက တတိယဆုများ အသီးသီး ရရှိခဲ့ကြသည်။

ထို့နောက် ဆုရရှိသည့်အသင်းများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် Elite Petrochemical CO.,LTD. မှ တာဝန်ရှိသူတို့က ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါထမနဲထိုးပြိုင်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ Elite Petrochemical CO.,LTD. Eco Friendly Fuel (EFF Gas)မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အသင်းသားများတက်ရောက်ခဲ့ကြပြီး ပြိုင်ပွဲဝင်ထမနဲများအား လာရောက်အားပေးသူများနှင့် ရပ်ကွက်နေပြည်သူများအား စတုဒိသာ ပေးလှူခဲ့ကြကြောင်း သိရသည်။

**ဝန်းရံခ**



# ပြင်ဦးလွင်မြို့နယ်၊ အင်းယားကျေးရွာနှင့်အနီးပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၅

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အင်းယားကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ပြင်ဦးလွင်တပ်နယ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၇ ပါးနှင့် ဒေသခံပြည်သူ ၃၄၂ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်း၊ ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့်လူနာများအားနယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ပြင်ဦးလွင်တပ်နယ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIMCard၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အသက် ၃၀ နှစ်မှ ၃၉ နှစ်အထိ ၃၇ နှစ်မှလွဲပြီး ပြိုင်ပွဲစုံသွင်းဂိုး ၄၀ နှင့်အထက်သွင်းယူနိုင်သည့် မှတ်တမ်းကောင်းတစ်ရပ်ကို စီရော်နယ်ဒို ပိုင်ဆိုင်နိုင်ခဲ့

ရီယက် ဖေဖော်ဝါရီ ၅

ပေါ်တူဂီအသင်းနှင့် အယ်နာဆာအသင်းဝါရင့် တိုက်စစ်မှူး စီရော်နယ်ဒိုသည် အသက် ၃၀ နှစ်မှ ၃၉ နှစ်အထိ အသက် ၃၇ နှစ်မှလွဲပြီး ကျန်နှစ်များတွင် ပြိုင်ပွဲစုံ သွင်းဂိုး ၄၀ နှင့်အထက်သွင်းယူနိုင်သည့် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်နိုင်ခဲ့ကြောင်း သိရသည်။

စီရော်နယ်ဒိုသည် ၎င်း၏ ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် စံချိန်မှတ်တမ်းကောင်းများစွာကို ပိုင်ဆိုင်ခဲ့ပြီး ၎င်းပိုင်ဆိုင်ခဲ့သည့် စံချိန်မှတ်တမ်းကောင်းများတွင် တခြားကစားသမားများ လိုက်မီရန်ခက်ခဲသည့်မှတ်တမ်းကောင်းများကိုလည်း ပိုင်ဆိုင်ထားကာ ယခုအခါတွင်လည်း သွင်းဂိုးမှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်နိုင်ခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ၎င်း၏ ပရော်ဖက်ရှင်နယ်ကစားသမားဘဝ အသက် ၃၀ နှစ်တွင် ပြိုင်ပွဲစုံ ၅၆ ပွဲ၌ သွင်းဂိုး ၅၈ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၉ ကြိမ်၊ အသက် ၃၁ နှစ်တွင် ပြိုင်ပွဲစုံ ၅၈ ပွဲ၌ သွင်းဂိုး ၅၄ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၄ ကြိမ်၊ အသက် ၃၂ နှစ်တွင် ပြိုင်ပွဲစုံ ၅၉ ပွဲ၌ သွင်းဂိုး ၅၃ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၂ ကြိမ်၊ အသက် ၃၃ နှစ်တွင် ပြိုင်ပွဲစုံ ၅၄ ပွဲ၌ သွင်းဂိုး ၄၉ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၃ ကြိမ်၊ အသက် ၃၄ နှစ်တွင် ပြိုင်ပွဲစုံ ပွဲပေါင်း ၅၀ ၌ သွင်းဂိုး ၄၅ ဂိုးနှင့် ဂိုးဖန်တီးမှု လေးကြိမ်၊ အသက် ၃၅ နှစ်တွင် ပြိုင်ပွဲစုံ ၄၈ ပွဲ၌ သွင်းဂိုး ၄၀ နှင့် ဂိုးဖန်တီးမှု ရှစ်ကြိမ်၊ အသက် ၃၆ နှစ်တွင် ပြိုင်ပွဲစုံ ပွဲပေါင်း ၆၀ ၌ သွင်းဂိုး ၄၁ ဂိုးနှင့် ဂိုးဖန်တီးမှု ငါးကြိမ်ပြုလုပ်နိုင်ခဲ့သည်။

စီရော်နယ်ဒိုသည် အသက် ၃၇ နှစ်တွင် ပြိုင်ပွဲစုံ ၄၅ ပွဲ၌ ၁၇ ဂိုးသာသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု လေးကြိမ်ပြုလုပ်နိုင်ခဲ့သော်လည်း အသက် ၃၈ နှစ်တွင် ပြိုင်ပွဲစုံ ၅၆ ပွဲ၌ သွင်းဂိုး ၅၃ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၅ ကြိမ်ပြုလုပ်နိုင်ခဲ့ကာ အသက် ၃၉ နှစ်တွင်လည်း ပြိုင်ပွဲစုံ ၅၈ ပွဲ၌ သွင်းဂိုး ၅၀ နှင့် ဂိုးဖန်တီးမှုရှစ်ကြိမ်အထိပြုလုပ်နိုင်ခဲ့ပြီး ဘောလုံးလောကတွင် ပရော်ဖက်ရှင်နယ်သွင်းဂိုး ၁၀၀၀ ပြည့်မြောက်မည့် ပထမဆုံးကစားသမားတစ်ဦးအဖြစ် စံချိန်တင်နိုင်ရန်လည်း မျှော်လင့်ချက်ရှိကြောင်း သိရသည်။ ***Ref;B/R Football***

# ဘိုင်ယန်မြူးနစ်အသင်းက ခံစစ်ကစားသမား အဖွန်ဆိုဒေးဗီးကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို


ဘာလင် ဖေဖော်ဝါရီ ၅

ဘိုင်ယန်မြူးနစ်အသင်းက အသင်းမှထွက်ခွာရန် သတင်းများထွက်ပေါ်နေသည့် အဓိကခံစစ်ကစားသမား အဖွန်ဆိုဒေးဗီးကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်အရွယ် အဖွန်ဆိုဒေးဗီးသည် ၂၀၁၆ ခုနှစ်က ကနေဒါကလပ် ဗန်ကူဗာအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ လက်ရှိဘောလုံးလောက၌ အကောင်းဆုံးဘယ်ခံစစ်ကစားသမားများတွင် တစ်ဦးအပါအဝင်ရပ်တည်နေသူဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းနှင့် အဖွန်ဆိုဒေးဗီးတို့၏ စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းက အစောပိုင်းကတည်းက သက်တမ်းတိုးစာချုပ်အတွက် အကြိမ်ကြိမ်ကမ်းလှမ်းမှုပြုလုပ်ခဲ့သော်လည်း အဖွန်ဆိုဒေးဗီးကိုယ်တိုင်က ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားလိုသောကြောင့် သက်တမ်းတိုးစာချုပ်အတွက် ကမ်းလှမ်းမှုကိုငြင်းပယ်ခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းကလည်း ယခုဘောလုံးရာသီအကုန်တွင် အငှားစာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိထားသည်ဟု သတင်းများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

သို့သော် အဖွန်ဆိုဒေးဗီးက ၎င်း၏ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ခဲ့ပြီး သက်တမ်းတိုးစာချုပ်အတွက် ပြန်လည်ဆွေးနွေးခဲ့ရာမှ ယခုအခါ ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ***Ref;Fabrizio Romano***




# ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးအများဆုံးအသုံးပြုသည့်လိဂ်အဖြစ် ပရီးမီးယားလိဂ်က တခြားလိဂ်များထက် ထက်ဝက်ကျော်အသုံးပြုခဲ့ပြီး ရပ်တည်လျက်ရှိ




လန်ဒန် ဖေဖော်ဝါရီ ၅

ယခုနှစ် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် ကမ္ဘာတစ်ဝန်းရှိ လိဂ်များ၌ ပြောင်းရွှေ့ကြေးအသုံးစရိတ်အများဆုံးအသုံးပြုခဲ့သည့် လိဂ်အဖြစ် ပရီးမီးယားလိဂ်က တခြားလိဂ်များထက် ပြောင်းရွှေ့ကြေး ထက်ဝက်ကျော်အသုံးပြုခဲ့ပြီး ရပ်တည်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းများအနေဖြင့် ကစားသမားခေါ်ယူမှုအများအပြားလုပ်ဆောင်ခဲ့ပြီး စုစုပေါင်း ပြောင်းရွှေ့ကြေးအသုံးစရိတ် ယူရို ၄၇၅ ဒသမ ၅ သန်းအထိရှိခဲ့ပြီးနောက် တခြားလိဂ်များထက် ထက်ဝက်ကျော် အသုံးပြုခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလ ပြောင်းရွှေ့ကြေးအများဆုံးအသုံးပြုသည့် လိဂ်များတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏နောက်၌ အီတလီစီးရီးအေပြိုင်ပွဲက ပြောင်းရွှေ့ကြေး ယူရို ၂၂၈ ဒသမ ၇ သန်းဖြင့်ရပ်တည်နေပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲထက် ထက်ဝက်မက နည်းပါးခဲ့ခြင်းဖြစ်သည်။

အီတလီစီးရီးအေပြိုင်ပွဲ၏နောက်တွင် ပြင်သစ်လီဂူးပြိုင်ပွဲက ပြောင်းရွှေ့ကြေးအသုံးစရိတ် ယူရို ၂၀၁ ဒသမ ၈ သန်းအသုံးပြုခဲ့ကာ ပြင်သစ်လီဂူးပြိုင်ပွဲနောက်တွင် ဘရာဇီးလိဂ်ပြိုင်ပွဲက ယူရို ၁၇၄ ဒသမ ၅ သန်း အသုံးပြုခဲ့သည်။

ဘရာဇီးလိဂ်ပြိုင်ပွဲ၏နောက်တွင် ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲက ပြောင်းရွှေ့ကြေးအသုံးစရိတ် ယူရို ၁၆၉ ဒသမ ၅ သန်းအသုံးပြုခဲ့ကာ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲနောက်တွင် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲက ပြောင်းရွှေ့ကြေးအသုံးစရိတ် ယူရို ၁၆၈ သန်းအသုံးပြုခဲ့ခြင်းဖြစ်သည်။

အလားတူ ပြောင်းရွှေ့ကြေးအသုံးစရိတ်အများဆုံးအသုံးပြုခဲ့သည့်ကလပ်အသင်းများစာရင်းတွင်လည်း မန်စီးတီးအသင်းက ပြောင်းရွှေ့ကြေးအသုံးစရိတ် ယူရို ၂၁၂ သန်းအသုံးပြုခဲ့ပြီး မန်စီးတီးအသင်းနောက်တွင် အယ်နာဆာအသင်းက ယူရို ၇၇ သန်း၊ ရင်းနက်စ်အသင်းက ယူရို ၇၂ ဒသမ ၇၅ သန်း၊ ပီအက်စ်ဂျီအသင်းက ယူရို သန်း ၇၀၊ အယ်အာလီအသင်းက ယူရို ၅၉ သန်းဖြင့် ရပ်တည်ခဲ့ကြကာ ပြောင်းရွှေ့ကြေး အများဆုံးကစားသမားအဖြစ် အက်စ်တွန်ဗီလာအသင်းမှ အယ်နာဆာအသင်းသို့ ယူရို သန်း ၈၀ ဖြင့်ပြောင်းရွှေ့ခဲ့သည့် ဒူရန်က ရပ်တည်ခဲ့ကြောင်း သိရသည်။ ***Ref;B/R Football***

# အဓိက ကစားသမားရှစ်ဦး ဒဏ်ရာရရှိနေသည့်အတွက် ရီးယဲလ်မက်ဒရစ်အသင်း အခက်ကြုံနေ

မက်ဒရစ် ဖေဖော်ဝါရီ ၅

ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများကြောင့် ထိုးနှက်ချက်များရှိနေပြီး လက်ရှိတွင်လည်း အဓိက ကစားသမားရှစ်ဦး ဒဏ်ရာရရှိနေသည့်အတွက် လာမည့်ပွဲစဉ်များအတွက် အခက်ကြုံနေကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းတွင် အဓိက ကစားသမားများဖြစ်သည့် ကာဗာဂျယ်၊ အလာဘာနှင့် မီလီတာအိုတို့သည် ရာသီအစပိုင်းကတည်းက ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည်အနားယူနေခဲ့ရပြီး နောက်ထပ် အဓိက ကစားသမားများဖြစ်သည့် ဂိုးသမား ကော့တွိုက်စ်၊ ဘယ်လင်ဟမ်၊ အမ်ဘတ်ပီနှင့် ကာမာဗင်ဂါတို့သည်လည်း ဒဏ်ရာကြောင့် ရက်သတ္တအနည်းငယ်လွဲချော်မည်ဖြစ်သည့်အတွက် ထိုးနှက်ချက်များဖြစ်နေသကဲ့သို့ ရူဒီဂါလည်း ဒူးဒဏ်ရာကြောင့် ပွဲစဉ်တချို့ကို လွဲချော်ရမည်ဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုဘောလုံးရာသီတွင် အသင်းခံစစ်ပိုင်းမှ ကစားသမားများအနေဖြင့် မကြာခဏဒဏ်ရာရရှိနေပြီး လက်ရှိတွင် ခံစစ်ပိုင်းမှ မီလီတာအို၊ အလာဘာ၊ ရူဒီဂါနှင့် ကာဗာဂျယ်တို့အနားယူနေရသည့်အတွက် လာမည့်ပွဲစဉ်များတွင် ခံစစ်ပိုင်းအတွက် အခက်ကြုံရဖွယ်ရှိကြောင်း သိရသည်။ ***Ref;Fabrizio Romano***

# ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL – 50 Scential) ၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$) ၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$) ၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင် အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင် အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>ဒလမြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၈</td><td>ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၉</td><td>International Business Center</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၁၀</td><td>မြို့တော်ခန်းမအနီး (ဆူးလေ)</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td></td><td>ခံနိုင်ရည်နည်းပါး သူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td>ခံနိုင်ရည်နည်းပါး သူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ကျောက်ဆည်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>မိတ္ထီလာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>အောင်မြေသာစံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>ပုသိမ်ကြီးမြို့</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကသာမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td>လက်ခံနိုင်သော</td></tr>
<tr><td></td><td>၃</td><td>ဟုမ္မလင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td></td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြဝတီမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>ခံနိုင်ရည်နည်းပါး သူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td colspan="2"></td><td colspan="2">ကောင်းမွန်</td><td colspan="2"></td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5"></td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index–AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ



နေပြည်တော် ဖေဖော်ဝါရီ ၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၂၇ ရက်မှ ဖေဖော်ဝါရီလ ၂ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း (၁၆ ဒသမ ၆၂၄)တန်၊ သစ်မာ (၉ ဒသမ ၄၁၇၄) တန်၊ အခြား (၆၂ ဒသမ ၂၃၀၆)တန်၊ စုစုပေါင်း (၈၈ ဒသမ ၂၇၀၄) တန်၊ ယာဉ်/ယန္တရား (၃)စီး၊ တရားခံ (၁၇) ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)







**ပျောက်ဆုံးကြောင်း**
သီဟထူး(ဘ)ဦးအောင်ဆန်းနွယ် ၁၀/မလမ(နိုင်)၂၃၈၁၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၉၀၉၁၃၈၅

**ပျောက်ဆုံးကြောင်း**
ဟိန်းမင်းစိုး(ဘ)ဦးမြင့်ဦး ၁၀/ရမန(နိုင်)၁၄၈၉၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၃၀၇၄၁၁၈

**ပျောက်ဆုံးကြောင်း**
အောင်မိုး(ဘ)ဦးဒေါင်း ၇/ဖမန(နိုင်)၁၄၀၉၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၃၆၅၈၈၀

**ပျောက်ဆုံးကြောင်း**
မသဲသဲဖြူ(ဘ)ဦးချစ်ဆွေ ၁၃/တကန(နိုင်)၂၅၀၁၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
သီဟဇော်(ဘ)ဦးစိုင်းတင်ထွဋ် ၂/လကန(နိုင်)၁၁၅၈၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၄၄၅၀၂၈၁

**ပျောက်ဆုံးကြောင်း**
ထားထားလှိုင်(ဘ)ဦးဝင်းဦး ၉/လဝန(နိုင်)၂၈၄၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 429668)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၇၇၄၁၈၅၅

**ပျောက်ဆုံးကြောင်း**
ယမုံမင်းသူ(ဘ)ဦးမြင့်ဆွေ ၈/မသန(နိုင်)၁၃၄၄၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 536323)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
တင့်တင့်ထွန်း(ဘ)ဦးဇော်မင်း ၁၀/ပမန(နိုင်)၂၀၀၄၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၃၆၅၈၈၀

**ပျောက်ဆုံးကြောင်း**
အေးကြည်(ဘ)ဦးညိမ်း ၁၀/မဒန(နိုင်)၀၄၇၅၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၈၀၄၇၆၉၉

**ပျောက်ဆုံးကြောင်း**
မအိအိဝင်း(ဘ)ဦးဝင်းသိန်း ၇/ကတခ(နိုင်)၂၁၅၂၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဦးမျိုးထိုက်(ဘ)ဦးကျော်ချစ် ၁၄/ဖပန(နိုင်)၁၃၃၂၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ခင်ဌေးမော်(ဘ)ဦးမြိုင် ၁၄/ဝခမ(နိုင်)၀၀၁၉၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
သန့်နိုင်စိုး(ဘ)ဦးကျန်မောင် ၁၁/တကန(နိုင်)၁၀၅၆၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ညီညီဇော်(ဘ)ဦးမောင်အေး ၁၀/မလမ(နိုင်)၂၉၉၆၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၇၀၀၅၅၆

**ပျောက်ဆုံးကြောင်း**
ဦးဆန်းဦး(ဘ)ဦးရွှေထား ၁၀/သဖရ(နိုင်)၀၁၀၆၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၈၉၃၆၂၁

**ပျောက်ဆုံးကြောင်း**
မြင့်မြင့်အေး(ဘ)ဦးတိုး ၈/တတက(နိုင်)၁၆၇၇၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၈၅၄၈၇၃၇

**အမည်မှန်**
အင်းတကော်မြို့၊ ရပ်ကွက်ကြီး(၃)နေ(ဘ)ဦးမြင့်သိန်း၏သမီးဖြစ်သူ မအိချောစု(ခ)ချောစုလှိုင် ၇/ပခန(နိုင်)၂၃၄၉၁၂ ၏အမည်မှန်မှာ အိချောစု(ခ)ချောစုလှိုင်ဖြစ်ပါကြောင်း။
အိချောစု(ခ)ချောစုလှိုင်

**ပျောက်ဆုံးကြောင်း**
မိုးသက်တင်(ဘ)ဦးကျော်ဆွေ ၁၂/တကန(နိုင်)၁၇၇၇၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၂၉၁၇၄၉

**ပျောက်ဆုံးကြောင်း**
ဇင်မောင်ထိုက်(ဘ)ဦးဇော်မောင် ၈/ရစက(နိုင်)၁၂၆၂၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၅၅၂၉၂၂

**ပျောက်ဆုံးကြောင်း**
ကျော်ညွန့်ရွှေ(ဘ)ဦးအုန်းညွန့် ၁၀/မလမ(နိုင်)၀၀၆၃၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၄၈၄၇၄၁၅

**ပျောက်ဆုံးကြောင်း**
ဇင်လဲ့လဲ့ဖြိုး(ဘ)ဦးလှအေး ၁၀/ကမရ(နိုင်)၁၂၆၅၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၉၃၉၈၁၂၃

**ပျောက်ဆုံးကြောင်း**
မိုးသန္တာဝင်း(ဘ)ဦးဟော်ရန်ယော် ၁၃/လရန(နိုင်)၁၇၀၇၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 362941)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၇၈၇၀၅၈၄

**ပျောက်ဆုံးကြောင်း**
ချမ်းမြေ့လွင်ကို(ဘ)ဦးကိုကြီး ၁၂/လမန(နိုင်)၁၅၄၀၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၃၈၃၇၄၃၈

**ပျောက်ဆုံးကြောင်း**
အိဖြူဝင်း(ဘ)ဦးကျင်လှိုင် ၁၄/ညတန(နိုင်)၁၀၃၁၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 596476)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၂၅၃၆၁၂၂

**ပျောက်ဆုံးကြောင်း**
အောင်ကိုနိုင်(ဘ)ဦးထွန်းနိုင် ၇/သနပ(နိုင်)၁၆၁၄၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 795844)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၅၅၁၁၆၈၅

**ပျောက်ဆုံးကြောင်း**
အိအိထွေး(ဘ)ဦးကျော်သိန်း ၈/ပခက(နိုင်)၂၈၄၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 288347)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၁၉၄၈၈၇

**ပျောက်ဆုံးကြောင်း**
စိုးလွင်(ဘ)ဦးမောင်သင် ၁၂/ဒဂမ(နိုင်)၀၀၇၈၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၁၅၀၉၆

**ပျောက်ဆုံးကြောင်း**
မောင်နေအောင်(ဘ)ဦးဝင်း ၁၂/သခန(နိုင်)၀၉၅၇၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 165581)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၅၂၂၆၈

**ပျောက်ဆုံးကြောင်း**
လားချန်ချွင်း(ဘ)ဦးဇာဇောထန်းငါ ၅/ကလထ(နိုင်)၂၁၅၆၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 367910)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၃၇၅၅၉၅၃

**ပျောက်ဆုံးကြောင်း**
နေလင်းဇော်(ဘ)ဦးကျော်ခင် ၉/ညဥန(နိုင်)၁၃၈၀၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၆၄၄၆၈၅၉

**ပျောက်ဆုံးကြောင်း**
မိုင်ဇင်ဝါမိုး(ဘ)ဦးအောင်ကျော်တင် ၁၂/အစန(နိုင်)၁၈၉၂၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 376223)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၀၅၄၉၅၃

**ပျောက်ဆုံးကြောင်း**
ယမင်းအိ(ဘ)ဦးလှသန်း ၁၂/ပဇတ(နိုင်)၀၀၁၈၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 270198)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၉၇၃၉၂

**ပျောက်ဆုံးကြောင်း**
ခင်သန္တာမိုး(ဘ)ဦးမောင်ထွန်းစိန် ၁၁/စတန(နိုင်)၀၉၅၇၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၁၂၂၇၆

**ပျောက်ဆုံးကြောင်း**
အိဇာအောင်(ဘ)ဦးအောင်ဌေး ၇/ဝမန(နိုင်)၁၃၅၁၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 167773)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၆၄၆၃၃၆

**ပျောက်ဆုံးကြောင်း**
သော်ဇင်အောင်(ဘ)ဦးမြင့်ဝင်း ၇/ပခန(နိုင်)၂၇၀၀၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 361724)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၀၃၉၅၂၂

**ပျောက်ဆုံးကြောင်း**
ကြည်ကြည်အေး(ဘ)ဦးဆောဆီ ၁၃/လရန(နိုင်)၂၁၁၈၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 451374)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၈၁၃၆၃၇၇

**ပျောက်ဆုံးကြောင်း**
မျိုးသန်း(ဘ)ဦးချစ်အေး ၁၀/ကထန(နိုင်)၁၁၃၈၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 859702)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၃၅၁၉၇၀၄

**ပျောက်ဆုံးကြောင်း**
လင်းထက်အောင်(ဘ)ဦးခင်မောင်ဇော် ၁၂/ဥကမ(နိုင်)၂၈၉၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 387592)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၉၄၂၉၈၉၅

**ပျောက်ဆုံးကြောင်း**
နှင်းအိဖြူ(ဘ)ဦးဝင်းစိန် ၇/ကတခ(နိုင်)၁၅၂၈၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၉၆၃၉၈၈၁

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

**MYANMAR FIGURE BUSINESS COMPANY LIMITED**
**မြန်မာနိုင်ငံလုပ်ငန်းမှတ်ပုံတင်ခြင်း** 
**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)**
**အစုရှယ်ယာရှင်များဆန္ဒအလျောက်**
**ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း**

၁။ “MYANMAR FIGURE BUSINESS COMPANY LIMITED”ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန်(၅-၂-၂၀၂၅)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးဇင်ဝေ | HEIN MAUNG MAUNG |
| B.Com(AA);C.P.A(210) | Managing Director |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | MYANMAR FIGURE BUSINESS COMPANY LIMITED |

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၄)လမ်း၊ ဥယျာဉ်စုရပ်ကွက်၊ အိမ်အမှတ် ၁/၁၀၀ နေ ၉/ပမန(နိုင်)၁၄၀၁၇၆ ကိုင်ဆောင်သူ ဒေါ်စန္ဒာမောင်(ခ)ဒေါ်ယုစန္ဒာမောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်စန္ဒာမောင်(ခ)ဒေါ်ယုစန္ဒာမောင်**

**မွေးသက္ကရာဇ်အမှန်**
နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ ခနေသိဒ္ဓိရပ်ကွက်မှ အဘဖြစ်သူ ဦးမိုင်းဝေ ၇/အတန(နိုင်)၀၇၈၆၀၇ ၏သား(အ.ထ.က-ခွဲ)ဥယျာဉ်တော်၊ အုတ်တွင်းမြို့တွင် Grade-3 တက်ရောက်နေသူ မောင်ခန့်ဝေယံထွန်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၂-၉-၂၀၁၆ ဖြစ်ပါကြောင်း။ ၁၂-၉-၂၀၁၆

**အများသိစေရန်ကြေညာခြင်း**
မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ တော်ကနာကျေးရွာ၊ (၁)ရပ်ကွက်နေ (ဘ)ဦးသန်းထွန်း၏သား ကျွန်ုပ်၏မိတ်ဆွေ မောင်အောင်မြတ်မွန် ၁၀/ခဆန(နိုင်)၁၆၅၀၉၆ မွန်/ဗုဒ္ဓဘာသာကိုးကွယ်သူနှင့် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကွမ်ရိုက်ကျေးရွာ၊ (၄)ရပ်ကွက်နေ (ဘ)ဦးထွန်းငွေ၏သမီး မိကြည်လဲ့လဲ့ခိုင် ၁၀/ခဆန(နိုင်)၁၄၄၅၀၃ မွန်/ဗုဒ္ဓဘာသာကိုးကွယ်သူတို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ နှစ်ဖက်သောဆွေမျိုးများ သဘောတူညီမှုအရ (၂၈-၁-၂၀၂၅)ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် လက်ထပ်ပြီးစီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**မောင်အောင်မြတ်မွန်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိသင်းစံပယ်ခိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၉၈၀)**
**အမှတ်-၂၇၅၊ (၇)ရပ်ကွက်၊ တော်ကနာကျေးရွာ၊ ချောင်းဆုံမြို့နယ်။**
**ဖုန်း-၀၉-၇၉၀၂၃၄၈၁၀**

**SANE GON YAUNG COMPANY LIMITED**
**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)**
**အစုရှယ်ယာရှင်များ ဆန္ဒအလျောက်**
**ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း**

၁။ “SANE GON YAUNG COMPANY LIMITED”ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန်(၅-၂-၂၀၂၅)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးဇင်ဝေ | U KAY PHYO HAN |
| B.Com(AA);C.P.A(210) | Managing Director |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | SANE GON YAUNG COMPANY LIMITED |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်(၁/၂၀၂၅)
## ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
## (၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသော **အငယ်တန်းစာရေး(လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး(၁၀)နေရာ** အတွက် အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူဖြစ်ရမည်။
(ဂ) အိမ်ထောင်မရှိသူ အမျိုးသား၊ အမျိုးသမီးဖြစ်ရမည်။
(ဃ) ၁-၃-၂၀၂၅ ရက်နေ့တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(စ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၂။ လျှောက်ထားသူများသည် အောက်ပါစာရွက်စာတမ်းများပူးတွဲလျက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်သို့ **၁၀-၃-၂၀၂၅ ရက်(တနင်္လာနေ့) နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှ တစ်ဆင့် လျှောက်ထားနိုင်ပါသည်-**

(က) ကိုယ်ရေးမှတ်တမ်း
(ခ) ပညာအရည်အချင်းအထောက်အထားမိတ္တူ(ဘွဲ့လက်မှတ်မိတ္တူနှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ)
(ဂ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့် အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း၊ ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးလက်မှတ်မူရင်း
(င) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ

၃။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတတို့ကို စစ်ဆေးမည်ဖြစ်ပါသည်။ **ရေးဖြေစာမေးပွဲကို ၁၉-၃-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့) နံနက်(၀၉၃၀)နာရီမှ (၁၂၃၀)နာရီအထိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။**

၅။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁၇-၃-၂၀၂၅ ရက်နှင့် ၁၈-၃-၂၀၂၅ ရက်တို့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်၌ ရုံးချိန်အတွင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်။ (စာမေးပွဲဖြေဆိုခွင့်ကတ်ပြားပါနံပါတ်သည် ခုံအမှတ်ဖြစ်ပါသည်)

၆။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်းပြုလုပ်သွားမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ ဖြေဆိုပြီးသည့်ရက်မှ ရက်သတ္တ(၂)ပတ်အတွင်း လူတွေ့စစ်ဆေးမည့်သူများ၏အမည်စာရင်းအား ကြေညာသွားမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ အလုပ်သမားမှတ်ပုံတင်စသည်တို့ကို မူရင်းတင်ပြနိုင်ရပါမည်။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်- ဖုန်းနံပါတ်၊ ၀၆၇-၃၄၀၉၆၅၈ နှင့် ၀၆၇-၃၄၀၉၁၅၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး PET/CT & Cyclotron Center ရှိ PET/CT & Cyclotron Center စက်၏ Spareparts များလဲလှယ်ရန် ရှိပါသဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် - ၄-၂-၂၀၂၅(အင်္ဂါနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် နေ့ရက်/အချိန် - ၁၇-၂-၂၀၂၅(တနင်္လာနေ့) ၁၆:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရုံးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

**ပျောက်ဆုံးကြောင်း**
ဝင်းလဲ့နိုင်(ဘ)ဦးသိန်းဝင်း ၁၄/မအန(နိုင်)၂၂၅၆၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 899226)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၆၄၁၀၄၁၆

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တပညိသဃရာဘိဝံသ(နိုင်ငံတော်သြဝါဒါစရိယ)
## အဘိဇဓမဟာရဋ္ဌဂုရု
## သက်တော်(၉၀)၊ ဝါတော်(၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ကစင်(၂၃)ရပ်ကွက်၊ ရွှေလင်ဗန်းစက်မှုမြို့၊ သာသနဝံ့ဂုဏ်ရည်ချမ်းသာကြီးကျောင်း၊ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် "ဘဒ္ဒန္တပညိသဃရာဘိဝံသ(နိုင်ငံတော်သြဝါဒါစရိယ)" (အဘိဇဓမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိပိဋကပါဠိမြန်မာအဘိဓာန်၊ အင်္ဂုတ္တိုရ်ပါဠိတော်နိဿယ၊ မဟာဝဂ္ဂဋီကာနိဿယကျမ်းပြု၊ သကျသီဟဓမ္မာစရိယ၊ သီရိပဝရဓမ္မာစရိယ၊ အဘိဓမ္မပါဠိပါရဂူ)သည် ၄-၂-၂၀၂၅ ရက်(အင်္ဂါနေ့) နံနက် ၁၀:၁၅ နာရီတွင် ပျံလွန်တော်မူသွားပါသဖြင့် ၅-၂-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂:၀၀ နာရီတွင် စံကျောင်းချပြီးဖြစ်ပါ၍ ၁၅-၂-၂၀၂၅ ရက်(စနေနေ့) မွန်းလွဲ ၁:၀၀ နာရီတွင် အန္တိမဈာပနပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**သာသနဝံ့ဂုဏ်ရည်ချမ်းသာကြီးကျောင်းတိုက်**
**အန္တိမဈာပနကျင်းပရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဖြည့်စွက်ခွင့်ပြုငွေ(ငွေလုံးငွေရင်း)(RE)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မရမ်းကုန်းမြို့နယ်၊ ဥက္ကလာလမ်းမကြီးတစ်လျှောက် လမ်းမီးမြေအောက်ဓာတ်အားလိုင်းပေ(၄၆၀၀)တည်ဆောက်ခြင်းနှင့် လမ်းမီးများတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် အတွက်လိုအပ်သော လမ်းမီးဆိုင်ရာပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၅-၂-၂၀၂၅) ရက်နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁၉-၂-၂၀၂၅)(၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၂၂၀၈၁၆ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တိုက်ကြီးမြို့နယ် မွေးမြူရေးဇုန်အတွင်း ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းအသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း(၄)ခုအား (ပစ္စည်း+လုပ်အားခ)ပုတ်ပြတ်(Turnkey)စနစ် မြန်မာကျပ်ငွေဖြင့်ဆောင်ရွက်နိုင်ရေး လုပ်ငန်းအပ်နှံရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း(၆-၂-၂၀၂၅) ရက်နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၂၀-၂-၂၀၂၅)(၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၂၂၀၈၁၆ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနရှိ အောက်ဖော်ပြပါ အခန်း၊ အဆောက်အဦနှင့် သိုလှောင်ရုံ ၃ ခုတို့အား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (၃)နှစ်သက်တမ်း၊ (၁)နှစ် တစ်ကြိမ်စာချုပ်စနစ်၊ ငှားရမ်းမှုတန်ဖိုး၏ (၁)လစာအား စပေါ်ငွေအဖြစ်ထားရှိ၍ ငှားရမ်းခနှင့် ကုန်သွယ်လုပ်ငန်းခွန်(၅%)တို့အား (၁၂)လစာကြိုတင်ပေးသွင်းခြင်းစနစ်ဖြင့် ငှားရမ်းရန် အိတ်ဖွင့် တင်ဒါခေါ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) Lot(1) ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၅၇၉ မြေညီထပ်(၁၁' x ၂၂' x ၁၅')အခန်း ၁ ခန်း၊
Lot(2) ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဖိုးစိန်လမ်း၊ အမှတ် ၇၁/၇၃ (၂)ထပ် အဆောက်အဦ (၁၈၀' x ၈၀' x ၄၀') ၁ လုံး၊
Lot(3) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ P3 ဝင်းအတွင်းရှိ အမှတ် ၅၀ သိုလှောင်ရုံ (၁၅၆' x ၁၆၀' x ၁၈') ၁ လုံး။

(ခ) တင်ဒါပုံစံရောင်းချမည့်နေ့ရက် - (၆-၂-၂၀၂၅ မှ ၁၉-၂-၂၀၂၅ ထိ) (ရုံးချိန်အတွင်း)
(ဂ) တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၁၉-၂-၂၀၂၅ ရက်နေ့၊ (၁၅:၀၀)နာရီ
(ဃ) တင်ဒါပုံစံရောင်းချမည့်နေရာ - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ရုံးအမှတ်(၃)၊ နေပြည်တော်
(င) တင်ဒါတင်သွင်းဖွင့်ဖောက်မည့် နေ့ရက်/အချိန် - ထပ်မံဆက်သွယ်အကြောင်းကြားပါမည်။
(စ) တင်ဒါတင်သွင်းဖွင့်ဖောက်မည့်နေရာ - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

၂။ တင်ဒါဖွင့်ဖောက်မည့်နေ့တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် ဝန်ကြီးဌာန၊ တင်ဒါကော်မတီ၏ ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးတွင် ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ ကုန်သွယ်ရေးဦးစီးဌာနမှ ငှားရမ်းမည့် အခန်း၊ အဆောက်အဦနှင့် သိုလှောင်ရုံများ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းအမှတ်(၀၆၇-၃၄၀၈၄၁၀)သို့ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

**ပျောက်ဆုံးကြောင်း**
ခင်သန်းရီ(ခ)ကာလ်ပနား(ဘ)ဦးဂျော်ဘီချတ္တရီ ၁၃/လရန(နိုင်)၀၈၇၅၆၁ ကိုင်ဆောင်သူ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
သူဇာလှိုင်(ဘ)ဦးဝင်းဦး ၉/လဝန(နိုင်) ၂၄၃၄၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 429671)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၂၇၈၀၂၀

**ပျောက်ဆုံးကြောင်း**
ဗိုလ်တထောင်မြို့နယ်၊ (၄၁)လမ်း၊ အမှတ်(၂၆/၃၀)နေ ကျော်ကျော်ဦး(ဘ)ဦးကျော်သန်း ၁၄/ဒဒရ(နိုင်)၀၀၆၉၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၇၄၅၁၈

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့၊ တောင်ကြီးကွဲကျေးရွာနေ ဇင်ဇင်ခိုင်(ဘ)ဦးတင်ရွှေ ၇/ပခန(နိုင်) ၃၃၄၂၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဝေါမြို့၊ ကန်တော်ရပ်ကွက်နေ မဝင်းဝင်းမော်(ဘ)ဦးအိန္ဒတ် ၇/ဝမန(နိုင်)၀၉၆၀၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၈၁၇၈၄၅၆

**ပျောက်ဆုံးကြောင်း**
လောက်ကိုင်မြို့၊ ရွှေယင်စီးရွာနေ မတွမ်းကြားယွင်(ဘ)ဦးကွယ်ထန်း ၁၃/လကန(နိုင်)၀၀၆၁၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 388306)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၉၂၃၆၇၅

**ပျောက်ဆုံးကြောင်း**
မြင်းခြံမြို့၊ ငွေးပင်ရိုးကျေးရွာနေ မောင်မိုးနိုင်(ဘ)ဦးအောင်မင်း ၉/မခန(နိုင်)၂၈၈၉၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME 847067)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၆၂၃၆၄

**ပျောက်ဆုံးကြောင်း**
စမ်းချောင်းမြို့နယ်၊ ရတနာလမ်း၊ မြေနီ/တောင်ရပ်၊ အမှတ်(၃၂)နေ ဆုမြတ်ပန်(ဘ) ဦးတက်ထွန်း ၁၄/မမက(နိုင်)၁၈၀၂၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၆၂၃၆၄

**ပျောက်ဆုံးကြောင်း**
ပျဉ်းမနားမြို့၊ ကျွန်းကုန်းရွာနေ မောင်သန့်ဇင်(ဘ)ဦးဇင်မင်းနိုင် ၉/ပမန(နိုင်)၃၀၀၉၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 606025)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၉၀၉၈၁၆၁


**ပျောက်ဆုံးကြောင်း**
ဥတ္တရသီရိမြို့၊ သစ်စက်ကျေးရွာနေ ဦးမျိုးအောင်(ဘ)ဦးသန်းလွင် ၉/ပမန(နိုင်)၁၈၇၆၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 358041)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၉၀၉၈၁၆၁


# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့်အဆိုပါကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များဖမ်းဆီးရမိ











၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ဖမ်းဆီးရမိမှု။

နေပြည်တော် ဖေဖော်ဝါရီ ၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ်ဝင်ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်း တစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါရှိသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း သတင်းရရှိမှု (၆၃) ကြိမ်ရရှိခဲ့ပြီး သတင်းမှား (၈)ကြိမ်၊ နောက်ကျသတင်း (၁)ကြိမ်နှင့် ဖမ်းဆီးရမိမှု (၅၄)ကြိမ်ဖြစ်သည်။

သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ (၈၁)မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း (၅၅)မျိုး အပါအဝင် ခန့်မှန်းတန်ဖိုးကျပ် (၉၂၄ ဒသမ ၀၆၉)သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ အပါအဝင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှုတန်ဖိုးကျပ်(၉၂၄ ဒသမ ၀၆၉)သန်း၏ ၂၀ ရာခိုင်နှုန်း ဖြစ်သောကျပ်(၁၈၄ ဒသမ ၈၁၃)သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။


ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉-၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များဖမ်းဆီးရမိ



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဖေဖော်ဝါရီ ၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၃ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၄၆၈၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၂၉၀၀၀)ကိုလည်းကောင်း၊ ရွှာသာကြီး Dry Port ၌ မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၄)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၄၄၀၉၃၄၁၆၂) နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး၊ Foton Auman Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၆၀၉၉၆၂)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဖေဖော်ဝါရီလ ၄ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မုံရွာမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးနှင့် မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၂)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၃၀)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၂၉၇၉၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီးနှင့် စက်မှုဇုန်ထုတ် Hnin Kyar Phyu Pickup (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှတန့်ယန်းမြို့သို့သွားရောက်မည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း(၄)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၉၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၃၅၂၆၉၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရောဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြောင်းမြမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ်၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၉၉၃၆၈၆၂)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ

COPPER 99.99%

SIGMA
CABLE & WIRE



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

Myanmar MOBILE MONEY

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

CARD SERVICES

- Individual Debit Card/ Credit Card
- Corporate Debit Card
- Automated Teller Machine Services
- Point of Sales Services
- Online Payment/ Tax Payment Via E-commerce



မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

လိုငွေ ကူညီ မြဝတီ

Phone No : (01) 2301367, 2301368, 2301452, 2301378

ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd

ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)

အဆင့်မြင့် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ

လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ



ADDRESS : NO. 55/61, STRAND ROAD, BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ **အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြို့ရွာများရှိ ပြည်သူလူထုများ၏နေအိမ်များ၌ ဝင်ရောက်နေထိုင်၍ အကာအကွယ်ယူတိုက်ခိုက်ကြခြင်းဖြစ် . . .**

❖ **၎င်းတို့ ယာယီအားဖြင့်ထိန်းသိမ်းထားသည့် မြို့ရွာများ၊ နေရာဒေသများတွင်လည်း ပြည်သူလူထုကိုအကာအကွယ်ယူ၍ တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းဖြစ်သဖြင့် ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူအမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်မည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှကောက်နုတ်ချက်)

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ချောင်းဝကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာ - ၁၂ သို့

### ၅-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၄၇၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**



## သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များဖမ်းဆီးရမိ

စာ - ၃၀ သို့

## MFF ဖူဆယ်လိဂ်-၂ ပထမအကျော့ပြီးဆုံးရန် တစ်ပွဲအလိုတွင် TG United အသင်း ရာသီဝက်ချန်ပီယံဖြစ်

ရန်ကုန် ဖေဖော်ဝါရီ ၅

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၁၀)ကို ယနေ့တွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ TG United အသင်းက လက်ကျန်တစ်ပွဲအလိုတွင် ရာသီဝက်ချန်ပီယံဖြစ်ခဲ့သည်။

ပွဲစဉ် (၁၀) တွင် 7 Brother အသင်းက KKY အသင်းကို ၄ ဂိုး ၂ ဂိုး၊ Gold Dream အသင်းက Maryar အသင်းကို ၈ ဂိုး ၂ ဂိုး၊ YCDC Marga Youth အသင်းက JZ Yangon အသင်းကို ၃ ဂိုး ၁ ဂိုး၊ Pacific Sun Far အသင်းက လက်ဝဲသုန္ဒရအသင်းကို ၂ ဂိုး ၁ ဂိုး၊ TG United အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၄ ဂိုး ၁ ဂိုး၊ Black Cross အသင်းက 7 Dragon အသင်းကို **စာမျက်နှာ ၁၄ ကော်လံ ၁ ⊃**



**ဆောင်းပါး** စမတ်မီတာစနစ်ဆိုသည်မှာ

စာ - ၁၃ သို့

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

